Ministry of Social Welfare, Relief and Resettlement

Equality Myanmar

# အာဆီယံဒေသဆိုင်ရာ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်း ပပျောက်ရေးလုပ်ငန်းစီမံချက်

# ASEAN Regional Plan of Action on Elimination of Violence Against Children

ထုတ်ဝေသူ - လူမှုဝန်ထမ်းဦးစီးဌာနနှင့် ညီမျှခြင်းမြန်မာ

ဘာသာပြန် - လူမှုဝန်ထမ်းဦးစီးဌာနနှင့် ညီမျှခြင်းမြန်မာ
စာအုပ်အပြင်အဆင် - မောင်မောင်မြင့်လွင်

- ဩဂုတ်၊ ၂၀၁၇ ခုနှစ်။

# မာတိကာ


| | | |
|---|---|---|
| ၁။ | နောက်ခံသမိုင်းနှင့်လိုအပ်ချက် | ၉ |
| ၂။ | အစိပ္ပာယ်များ၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်း ပုံစံများ၊ အန္တရာယ် ပိုမိုကျရောက်နိုင်သော ကလေးသူငယ် အုပ်စုများ | ၁၂ |
| ၃။ | အာဆီယံနိုင်ငံများရှိ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု အခြေအနေ | ၂၃ |
| ၄။ | ကလေးသူငယ်များအပေါ်အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လုပ်ဆောင်မှုများ | ၂၄ |
| ၅။ | လမ်းညွှန်မူဝါဒများ Guiding PriincPles | ၂၈ |
| ၆။ | အချိန်ကာလသတ်မှတ်ချက် | ၃၃ |
| ၇။ | မူဝါဒဆိုင်ရာထုတ်ဖော်ပြောဆိုခြင်းနှင့် ပန်းတိုင် | ၃၃ |
| ၈။ | ရည်ရွယ်ချက် | ၃၄ |
| ၉။ | ဒေသအဆင့်စီမံချက်များ | ၃၄ |
| ၁၀။ | ပထမ ငါးနှစ်တွင် ဦးစားပေးလုပ်ဆောင်မည့် ကဏ္ဍများ | ၅၆ |
| ၁၁။ | လုပ်ဆောင်ချက် (၁)ကြိုတင်ကာကွယ်ခြင်း။ | ၅၆ |
| ၁၂။ | လုပ်ဆောင်ချက်(၂) ကာကွယ်ခြင်း တုန့်ပြန်ခြင်းနှင့် | |

ကူညီထောက်ပံ့ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ ၅၈
၁၃။ လုပ်ဆောင်ချက်(၃) ဥပဒေမူဘောင် အပြစ်ပေးအရေးယူခြင်းနှင့်
တရားရေးစနစ် ၅၉
၁၄။ လုပ်ဆောင်ချက်(၄)စွမ်းရည်မြှင့်တင်ခြင်း ၆၀
၁၅။ လုပ်ဆောင်ချက်(၅) သုတေသနနှင့် အချက်အလက်ကောက်
ကောက်ယူခြင်း ၆၁
၁၆။ လုပ်ဆောင်ချက်(၆) စီမံဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း
စောင့်ကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း ၆၁
၁၇။ လုပ်ဆောင်ချက်(၇) မိတ်ဖက်များတည်ဆောက်ခြင်းနှင့်
လက်တွဲပူးပေါင်းမှု ၆၃

## ၁။ နောက်ခံသမိုင်းနှင့်လိုအပ်ချက်

ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု တိုက်ဖျက်ရေးသည် နိုင်ငံတိုင်းနှင့် လူမှုအသိုင်းအဝိုင်းတိုင်း၊ လူမျိုးတိုင်း၊ အလွှာတိုင်း။ ယဉ်ကျေးမှုတိုင်းတွင် စိန်ခေါ်မှုတစ်ခုဖြစ်သည်။ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ဖော်ပြထားသည့် ကလေးသူငယ်တိုင်း အသက်ရှင်သန်ပိုင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် အကြမ်းဖက်မှုမှကာကွယ်ပေးမှုကို ရရှိခံစားပိုင်ခွင့်ရှိသည်ဆိုသော အချက်အပေါ် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်သည်။ ကလေးတိုင်းသည် သူတို့၏လူသားဂုဏ်သိက္ခာ။ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပေါင်းစည်းမှုကို လေးစားခံပိုင်ခွင့်နှင့် တန်းတူညီမျှမှုရရှိခွင့်တို့ရှိ၏။ ထို ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေ သည့် ကလေးများအပေါ်အကြမ်း ဖက်မှုများအား ဖော်ထုတ်ရန်နှင့် ချုပ်ငြိမ်းအောင် လုပ်ဆောင်ရန် တာဝန်ရှိကြောင်း ထင်ရှားစွာဖော်ပြထားသည်။

၂၀၀၆ ခုနှစ်က ကုလသမဂ္ဂမှနေ၍ ထုတ်ပြန်ခဲ့သည့် “ကမ္ဘာတစ်ဝှမ်းရှိ ကလေးသူငယ်များအပေါ် အကြမ်းဖက် ခြင်းဆိုင်ရာအစီရင်ခံစာ” တွင် မစ္စတာပိုလိုဆာဂျီယိုပီနဲယိုးက ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုကို ရင်ဆိုင်တုန့်ပြန်နိုင်ရန်အတွက် မည်သည့်အရာများကို လုပ်ဆောင်သင့်ကြောင်း ဖော်ပြထားသည်။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုကို တားဆီးတုံ့ပြန်ရန်အတွက် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ အဓိကတာဝန်မှာ ကလေးသူငယ် အခွင့်အရေးစာချုပ်အပါအဝင် အခြားသော စာချုပ်များကို မြှင့်တင်ရန်ဖြစ်ကြောင်း အသိအမှတ်ပြုထားသည်။ ၂၀၀၆ ခုနှစ် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုဆိုင်ရာကုလသမဂ္ဂ အစီရင်ခံစာ၏ အကြံပြုတင်ပြချက်များကို နောက်ဆက်တွဲလုပ်ဆောင်ချက်

အနေဖြင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုဆိုင်ရာ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အဖြစ် မစ္စမာတာဆန်တိုပါရစ် (Ms. Marta Santos Pais) ကို ၂၀၀၉ ခုနှစ်တွင် ခန့်အပ်ခဲ့သည်။ ထို သူကို အပ်နှင်းထားသည့်လုပ်ဆောင် ရမည့်တာဝန်များမှာ ကမ္ဘာတစ်ဝှမ်းရှိ ကလေးသူငယ်များအား အကြမ်းဖက်မှု ကာကွယ်ပေးသည့်လုပ်ဆောင်မှု များ အင်အားကောင်းလာစေရေးအတွက် တစ်ကမ္ဘာလုံး၏လှုံ့ဆော် ဆောင် ရွက်မှုများကို တိုးတက်အောင် ပြုလုပ်ရန်နှင့် ဒေသများတွင် တိုးတက်လာမှု ကို စောင့်ကြည့်လေ့လာရန်ဖြစ်သည်။ အထူးကိုယ်စားလှယ်အနေဖြင့် တစ် ကမ္ဘာလုံးတွင် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုအား တားဆီးတုံ့ ပြန် သော လုပ်ငန်းစဉ်များ ပေါ်ပေါက်လာစေရန် တိုက်တွန်းခဲ့သည်။ ထို တောင်း ဆိုချက်များထဲတွင် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုအား တား ဆီးရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန်အတွက် ဒေသအလိုက် ကနဦးလုပ် ဆောင်ချက်များပေါ်ပေါက် လာစေပြီး ထိုလုပ်ဆောင်ချက်များမှနေ၍ နိုင်ငံ အလိုက်မူဘောင်များနှင့် ဗျူဟာများ ထွက်ပေါ်လာရန်တိုက်တွန်းခဲ့သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂ၏ ကလေးသူငယ် များအပေါ်အကြမ်းဖက်မှုဆိုင်ရာ သုတေသနကို ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြ သည်။ ၂၀၁၁ ခုနှစ် ဇူလိုင်လတွင်ကျင်းပခဲ့သော အာဆီယံအမျိုးသမီးများနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင်၏ အစည်းအဝေးတွင် ကလေးသူငယ်များ အပေါ်အကြမ်းဖက် မှုပပျောက်ရေး (Elimination of Violence against Children) ကို ၂၀၁၂-၂၀၁၆ လုပ်ငန်းအစီအစဉ်၏ အဓိကလုပ် ငန်းစဉ်တစ်ရပ်အနေဖြင့် သတ်မှတ်ခဲ့သည်။ ၂၀၁၃ခုနှစ်တွင် အာဆီယံခေါင်း ဆောင်များသည် အမျိုး သမီးနှင့် ကလေးများအပေါ်အကြမ်းဖက်ခြင်းပ ပျောက်ရေး ကြေညာစာ တမ်း(Declaration on the Elimination of Violence against

Women and the Elimination of Violence against Children) ကိုချမှတ်ခဲ့သည်။ ထိုကြေညာစာတမ်းကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံအမျိုးသမီးများနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်ကို တာဝန်ပေးခဲ့၏။ ထို့ပြင် ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင်ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး ဆိုင်ရာကော်မရှင်ကနေ၍ အာဆီယံဒေသဆိုင်ရာ ကလေးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းအစီအစဉ် ASEAN Regional Plan of Action on the Elimination of Violence against Children (EVAC)တစ်ခု ပေါ်ပေါက်လာအောင် လုပ်ဆောင် ရန် အတွက် အကြံပြုချက်ကို လက်ခံခဲ့သည်။

လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး The ASEAN Senior Officials Meeting on Social Welfare and Development (SOMSWD) သည် အရေးပါသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာသည်။ ထိုအဖွဲ့ အစည်းသည် အာဆီယံဒေသတစ်ခုလုံးရှိကလေးများ၏ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို စောင့်ကြပ်သည်။ ထို့ကြောင့်အာဆီယံဒေသတခုလုံးအတွက် လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအားလုံးသည် လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့်ဆိုင်သည်။ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသည် အာဆီယံအမျိုးသမီးများနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်နှင့် အထူးလက်တွဲပြီး အာဆီယံဒေသဆိုင်ရာ ကလေးသူငယ်များအပေါ်အကြမ်းဖက်မှု ပပျောက်ရေးလုပ်ငန်းအစီအစဉ် ပေါ်ပေါက်လာ စေ

ရန်အပါအဝင်လုပ်ငန်းများကိုလုပ် ဆောင်လျက်ရှိသည်။

**၂။ အဓိပ္ပာယ်များ၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းပုံစံများ၊ အန္တရာယ် ပိုမိုကျရောက်နိုင်သော ကလေးသူငယ်အုပ်စုများ**

(က) ကလေးသူငယ်

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ကလေးသူငယ်ဆိုသည်မှာ အသက် (၁၈) နှစ်အောက် အရွယ်ကိုဆိုလိုသည်။ ဥပဒေအရ ထိုအသက်အရွယ်မတိုင်မီ အရွယ်ရောက်မှုကိုလည်း ခွင့်ပြုနိုင်သည်။

(ခ) အကြမ်းဖက်ခြင်း

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပိုဒ် (၁၉)တွင် အကြမ်းဖက်ခြင်း ဆိုသည်မှာ ဓလေ့ထုံးစံ အဖြစ်လက်ခံထားသည်ဖြစ်စေ မဖြစ်စေ။ သို့မဟုတ် စည်းကမ်းအဖြစ်သတ်မှတ်ထားသည့် ဖြစ်စေ မဖြစ်စေ၊ ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့် အလေ့အထများအပါအဝင် ကလေးများအပေါ် အန္တရာယ်ဖြစ်စေခြင်း။ ထိခိုက်ဒဏ်ရာရစေခြင်း။ ညှဉ်းပန်း နှိပ်စက်ခြင်း၊ လျစ်လျူရှုခြင်း သို့မဟုတ် လွဲမှားစွာပြုမူခြင်း မတရား ဆက်ဆံခြင်းနှင့် အမြတ်ထုတ်ခြင်းတို့ ဖြစ်သည်။

## (ဂ) ကလေးသူငယ်များအပေါ်အကြမ်းဖက်ခြင်းပုံစံများ

အောက်ပါအကြမ်းဖက်ခြင်းများကို ကလေးသူငယ်အခွင့်အရေး များဆိုင်ရာကွန်ဗင်းရှင်းနှင့် ကော်မတီ၏ အထွေထွေအကြံပြု ချက်များ တွင် ဖော်ပြထားပါသည်။ အထွေထွေအကြံပြုချက် (၈) တွင် ကလေးသူငယ်များအား အပြစ်ပေးရိုက်နက်ခြင်းနှင့် အခြား သော ဂုဏ်သိက္ခာနိမ့်ကျစေသည့် အပြစ်ပေးခြင်းများမှ ကာကွယ် ပေးရမည် ဟုဆိုထားသည်။ အထွေထွေအကြံပြုချက် (၁၃) တွင် ကလေးသူငယ်များကို အကြမ်းဖက်မှုပုံစံအားလုံးမှ ကင်းလွတ်ခွင့် ရစေရမည်ဟု ဆိုထားသည်။

### ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆိုသည်မှာ ကလေးသူငယ်အပေါ် အသက်သေစေလောက်သော သို့မဟုတ် အသက်ကိုမထိခိုက် လောက်သော်လည်း အန္တရာယ်ဖြစ်စေလောက်သည့် ရုပ်ပိုင်းဆိုင် ရာ အင်အားကို အရွယ်ရောက်သူကဖြစ်စေ အခြားသော ကလေး သူငယ်ကဖြစ်စေ သုံးသောအောက်ပါ အပြုအမူများဖြစ်သည်။

၁။ နှိပ်စက်ခြင်းပုံစံအားလုံး။ ရက်စက်ကြမ်းကြုတ်ပြီး လူမဆန်သော ဂုဏသိက္ခာညှိုးနွမ်းစေသော ဆက်ဆံမှု၊ နှိပ်စက်မှု (ဥပမာ – မီးရှို့ခြင်း၊ အပူဖြင့်ကပ်ခြင်း၊ အမှတ်အသားဖြစ်စေခြင်း၊ အတင်း အကြပ်မျိုချစေခြင်း)

၂။ အပြစ်ပေးနှိပ်စက်ခြင်းပုံစံများဖြစ်သည့် ပါးရိုက်ခြင်း၊ ရိုက်ခြင်း၊ ကြိမ်ဖြင့်ရိုက်ခြင်း၊ ကြာပွတ်ဖြင့် ရိုက်ခြင်း၊ တုတ်ဖြင့်ရိုက်ခြင်း၊

နားရွက်ဆွဲခြင်း၊ သက်တောင့်သက်သာမဖြစ်သည့်ပုံစံမျိုးတွင် နေစေခြင်း၊ ရိုက်နက်ခြင်းတွင် လက် သို့မဟုတ် ကြာပွတ်၊ တုတ်၊ ခါးပတ်၊ ဖိနပ်၊ သစ်သားဇွန်းနှင့် အရာဝတ္ထုများဖြင့် လိမ်ဆွဲခြင်း၊ ခေါင်းခေါက်ခြင်း၊ လည်ပင်းညှစ်ခြင်း၊ ထို့ပြင် ကန်ခြင်း၊ ကိုင်လှုပ်ခြင်း၊ ကလေးများကို ကိုင်ပေါက်ခြင်း၊ ခြစ်ခြင်း၊ ညှစ်ခြင်း၊ ကိုက်ခြင်း၊ ဆံပင်ဆွဲခြင်း၊ တရွတ် တိုက်ဆွဲခြင်း၊ မီးရှို့ခြင်း၊ အပူဖြင့်ကပ်ခြင်း၊ အတင်းအကြပ် မျိုချစေခြင်းတို့ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းသည် အန္တရာယ်ရှိစေသော ဓလေ့ထုံးထမ်းစဉ်လာ ကျင့်စဉ်များနှင့်လဲ ပတ်သက်နေတတ်သည်။ ဥပမာ– ကလေးသူငယ်များကို အတင်းအကြပ်လက်ထပ်ပေးခြင်း၊ အမျိုးသမီးလိင်အင်္ဂါကို ဖြတ်တောက်ခြင်း၊ ဂုဏ်သိက္ခာအတွက် သတ်ဖြတ်ခြင်း၊ နှိပ်စက်ခြင်းပုံစံ အားလုံး၊ ရက်စက်ကြမ်းကြုတ်ပြီး လူမဆန်သော ဂုဏ်သိက္ခာညှိုးနွမ်းစေသော ဆက်ဆံမှု၊ နှိပ်စက်မှု။

၃။ အရွယ်ရောက်ပြီးသောသူများ သို့မဟုတ် အခြားကလေးသူငယ် များက ရုပ်ပိုင်းဆိုင်ရာ လှောင်ပြောင်အနိုင်ကျင့်ခြင်း။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတွင် အရွယ်ရောက်ပြီးသူများနှင့် ကလေးသူငယ်များက လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုနှင့် ထိုသို့ဖြစ်စေရန် ကြိုးပမ်းအားထုတ်မှုတို့ အကျုံးဝင်သည်။ ထိုသို့ လုပ်ဆောင် မှုတွင် မြူဆွယ်ခြင်း၊ သိမ်းသွင်းခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အင် အားသုံးခြင်းတို့ကို အသုံးပြု၍ ကလေးသူငယ်ကို လိင်ပိုင်းကိစ္စ

လုပ်ဆောင်ရန်တို့ ပါဝင်သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသောကလေးသူငယ်များသည် ရုပ်ပိုင်းဆိုင်ရာ အင်အားသုံးပြုလုပ်ခြင်းမခံရသည့် တိုင်အောင် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ ကို ခံစားရလေ့ရှိသည်၊ လိင်ကိစ္စကို အခြားကလေး တစ်ဦးအပေါ် ကျူးလွန်ရာတွင် အာဏာ၊ အင်အားသုံးခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် တစ်ခြားသော ဖိအားသုံးခြင်းပြုလုပ်ပါက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု စော်ကားမှုမြောက်သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွင် အောက်ပါတို့ပါဝင်သည် –

၁။ ကိုင်တွယ်ခြင်း၊ မုဒိန်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားပြုမူခြင်း။

၂။ ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ စော်ကားမှုများနှင့် အမြတ်ထုတ်ခြင်းများတွင် အသုံးပြုခြင်း (ဥပမာ – ကလေးသူငယ်များကို ညစ်ညမ်းစာပေ၊ ပြည့်တန်ဆာနှင့် ခရီးသွားများအတွက် လိင်လုပ်ငန်းများတွင် စေခိုင်းရန်စသည့် လိင်ကိစ္စအတွက် ရောင်းချခြင်း၊ ပြည့်တန်ဆာပြုခြင်း၊ လူကုန်ကူးခြင်း)

၃။ အွန်လိုင်းရာဇဝတ်မှု – အွန်လိုင်းတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် စော်ကားခြင်းများကို ဒစ်ဂျစ်တယ်နည်းလမ်းများကို သုံး၍ပြုလုပ်ခြင်း (ဥပမာ – လိင်အင်္ဂါများကို ကိုင်ပြခြင်း၊ ကလေးသူငယ်များကိုမြူဆွယ်၊ ခြိမ်းခြောက်၊ အင်အား သုံးခြင်း၊ ချော့မော့ခြင်း သို့မဟုတ် ဖြားယောင်းခြင်း သို့မဟုတ် သက်တူကလေးသူငယ်များမှတစ်ဆင့် မသင့်လျော်သည့် ရုပ်ပုံများကို ရိုက်ယူခြင်း၊ ကလေးသူငယ်များအပေါ် လွဲမှားစွာပြုမူခြင်း၊ အသံ

ဖြင့်ဖြစ်စေ ရုပ်လှသာဖြင့်ဖြစ်စေ အသုံးပြုခြင်း၊)

၄။ အတင်းအကြပ်လက်ထပ်ခြင်း၊ ကလေးသူငယ်များအား လက်ထပ်ပေးခြင်း၊

စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း

စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကို စိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင်မတရားဆက်ဆံခြင်း၊ စော်ကားခြင်း၊ စကားဖြင့်စော်ကားခြင်း၊ စိတ်ခံစားမှုဖြစ်အောင် လုပ်ဆောင်စော်ကားခြင်းနှင့် လျစ်လျူရှုခြင်းဟု ဆိုလေ့ရှိသည်။ အောက်ပါအချက်များပါဝင်တတ်သည် –

၁။ ကလေးသူငယ်ကို အန္တရာယ်ဖြစ်စေသော ဆက်ဆံမှုပုံစံမျိုးဖြင့် အကြိမ်ကြိမ်အဖန်ဖန် ဆက်ဆံ သည့်ပုံစံအမျိုးမျိုး၊ (ဥပမာ ကလေးသူငယ်ကို အသုံးမကျ၊ တန်ဖိုးမရှိ၊ ချစ်စရာမကောင်း၊ မလို ချင်ဘူးဟု ပြောဆိုခြင်း။)

၂။ နှုတ်ပိုင်းဆိုင်ရာ လွဲမှားစွာပြုမူခြင်း (ဥပမာ – စော်ကား ပြောဆိုခြင်း၊ အမည်ပြောင်ခေါ်ခြင်း၊ လှောင်ပြောင်စော်ကာခြင်း၊ နစ်နာအောင်ပြောဆိုခြင်း၊ ဟာသလုပ်ကာပြောဆိုခြင်း၊ အတင်းပြော ဆိုခြင်း။)

၃။ ကလေးအပေါ် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုဖြစ်စေမည့် လျှို့ဝှက် ထိန်းသိမ်းသင့်သော ကိုယ်ရေး ကိုယ်တာအချက်များကို ထိန်းသိမ်းသင့်သည်ကိုချိုးဖောက်ကာ ပြောဆိုခြင်း။

၄။ ကလေးကို ကြောက်လန့်စေခြင်း၊ ထိတ်လန့်စေခြင်း၊ ခြိမ်းခြောက်ခြင်း၊ အမြတ်ထုတ်စော်ကားခြင်း၊ ငြင်းပယ်ခြင်း၊ ဖယ်ကျဉ်ခြင်း၊ အထီးကျန်ဖြစ်စေခြင်း၊ ဂရုမစိုက်ခြင်းနှင့် တစ်ခြားကလေး များကိုသာ မျက်နှာသာပေးခြင်း။

၅။ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများကို ငြင်းဆိုခြင်း၊ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ ကျန်းမာရေးနှင့် ပညာရေးလိုအပ်ချက်များကို ဂရုမပြုခြင်း။

၆။ အိမ်တွင်းအကြမ်းဖက်မှုနှင့် ဆိုးဝါးသော ဆက်ဆံမှုကို ခံစားသိရှိစေခြင်း။

၇။ တစ်ဦးတည်းထားခြင်း၊ အထီးကျန်ဖြစ်အောင်လုပ်ခြင်း၊ ထိန်းသိမ်းထား သည့် ဂေဟာအခြေ အနေက ကလေး၏ဂုဏ်သိက္ခာနိမ့်ကျအောင်၊ ထိခိုက်အောင် လုပ်ဆောင်ထားခြင်း။

၈။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင် အနိုင်ကျင့်စော်ကားခြင်း၊ (ဥပမာ – အရွယ်ရောက်သူများ သို့မဟုတ် ကလေးများ အချင်းချင်း လက်ကိုင်ဖုန်းများ၊ အင်တာနက်များမှ တစ်ဆင့်အနိုင်ကျင့်ခြင်း။)

၉။ အတင်းအကြပ်လက်ထပ်စေခြင်းနှင့် ကလေးသူငယ်များအား လက်ထပ်ပေးခြင်း။

## လျစ်လျူရှုခြင်းနှင့် ဂရုမစိုက်သည့်ဆက်ဆံမှု

လျစ်လျူရှုခြင်းနှင့် ဂရုမစိုက်သည့်ဆက်ဆံမှုဆိုသည်မှာ ကလေးသူငယ်၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်း ဆိုင်ရာလိုအပ်ချက်များကို ဂရုစိုက်ဖြည့်ဆည်းရန်ပျက်ကွက်ခြင်း၊ ကလေးသူငယ်များကို အန္တရာယ်များမှ ကာကွယ်ပေးရန် ပျက်ကွက်ခြင်း၊ ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ မွေးစာရင်းနှင့် အခြားသောဝန်ဆောင်မှုများရယူပေးရန် တာဝန်ရှိသူများက သိလျက်နှင့်လုပ်နိုင် လျက်နှင့် ရည်ရွယ်ချက်ရှိရှိဖြင့် မရယူခြင်းတို့ပါဝင်သည်၊

အောက်ပါအချက်များပါဝင်သည် –

၁။ ရုပ်ပိုင်းဆိုင်ရာ လျစ်လျူရှုခြင်း (ဥပမာ ပြုစုစောင့်ရှောက်မှုကို အကြိမ်ကြိမ်ပျက်ကွက်ခြင်း အပါအဝင်ကလေးများအား အန္တရာယ်မှ ကာကွယ်ပေးရန်ပျက်ကွက်ခြင်း၊ လုံလောက်သော အစား အစာ၊ နေအိမ်၊ အဝတ်အစားနှင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ထောက်ပံ့ပေးရန် ပျက်ကွက်ခြင်း။

၂။ စိတ်ပိုင်းဆိုင်ရာ အားပေးမှုနှင့် ချစ်ခြင်းမေတ္တာများ မရှိခြင်း၊ အကြိမ်ကြိမ်ဂရုမစိုက်ခြင်း၊ ကလေး သူငယ်များ၏ လိုအပ်ချက်များကို စောင့်ရှောက်သူက ပြန်လည်တုံ့ပြန်နိုင်စွမ်းမရှိ ခြင်း၊ မူးယစ်ဆေးဝါးနှင့် အရက်သေစာများကို ကျွမ်းဝင်စေခြင်း အပါအဝင် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ခံစားမှုပိုင်းဆိုင်ရာ လျစ်လျူရှုခြင်း။

၃။ ကလေး၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို လျစ်လျူရှုခြင်း။(ဥပမာ – လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက် မှုများ မခံစားစေခြင်း။)

၄။ ကလေး၏ လူမှုရေးလိုအပ်ချက်များကို လျစ်လျူရှုခြင်း၊ (ဥပမာ – ကစားခွင့်၊ အပန်းဖြေခွင့်၊ လူမှုဆက်သွယ်ခြင်းများကို လုပ်ဆောင်ခွင့်မပေးခြင်း)

၅။ ပညာရေးဆိုင်ရာ လျစ်လျူရှုခြင်း၊ (ပြုစုစောင့်ရှောက်သူများက ကလေး၏ကျောင်းတက်ရက်များ အပါအဝင် ကလေးသူငယ်၏ ပညာရေးအတွက် ချမှတ်ထားသည့် ဥပဒေများကို လိုက်နာရန် ပျက်ကွက်ခြင်း။)

၆။ စွန့်ပစ်ခြင်း၊ (ကလေးကို မိဘစောင့်ရှောက်မှုအောက်တွင်မ ထားရှိဘဲ စွန့်ပစ်ရန်အားထုတ်ခြင်း။)

## ၄။ အန္တရာယ်ပိုမိုကျရောက်နိုင်သော ကလေးအုပ်စုများ

အထွေထွေအကြံပြုချက် (၁၃)အရ အကြမ်းဖက်မှုကို ပိုမိုခံစားရဖွယ်ရှိသော အောက်ပါကလေးများ ပါဝင်သည်။ –

၁။ မိဘရင်းမဟုတ်သည့် သူများနှင့်အတူ နေထိုင်သည့်ကလေးသူငယ်များနှင့် အခြားနည်းဖြင့်ပြုစု စောင့်ရှောက်သည့်နေရာများမှ ကလေးများ။

၂။ မွေးစာရင်းမရှိသောကလေးများ။ လမ်းပေါ်နေကလေးသူငယ်များ သို့မဟုတ် အိမ်ယာမဲ့ကလေး သူငယ်များ။

၃။ တရားဥပဒေနှင့် ပါဝင်ပတ်သက်နေသော ကလေးများ၊ ကလေးသူငယ်ကြီးကြပ်သူ၏ စောင့်ကြည့်မှုအောက်တွင်နေရသော ကလေးများ။

၄။ ရုပ်ပိုင်း၊ ခံစားမှုပိုင်း၊ သင်ယူမှုအပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုများရှိနေသော ကလေးများ။

၅။ နာတာရှည်ဝေဒနာရှင်ကလေးများ၊ HIV ပိုးရှိနေသော သို့မဟုတ် မိဘများတွင် HIV ပိုးရှိနေသော ကလေးများ၊ အပြုအမူပိုင်းဆိုင်ရာ ဆိုးဝါးသည့်ပြဿနာရှိသည့်ကလေးများ။

၆။ ဌာနေကလေးများ၊ တိုင်းရင်းသား၊ ဘာသာရေးနှင့် ဘာသာစကားဆိုင်ရာ လူနည်းစုဝင်များမှ ကလေးများ၊ လိင်စိတ်ခံယူမှုကွဲပြားသည့် အသိုင်းအဝိုင်းမှ ကလေးများ။

၇။ အရွယ်မတိုင်ခင် သို့မဟုတ် အတင်းအကြပ်လက်ထပ်ပေးခံရသည့်ကလေးများ၊ မိသားစုကို ဦးဆောင်ရာကျွေးနေရသော မိသားစု၏တာဝန်ယူနေရသည့်ကလေးသူငယ်များ။

၈။ အထူးသဖြင့်အဆိုးဝါးဆုံးလုပ်အားစေခိုင်းမှုများလုပ်ဆောင်နေသည် ကလေးအလုပ်သမားများ။

၉။ ကလေးများ သို့မဟုတ် သူတို့၏မိဘများက ရွှေ့ပြောင်း အလုပ်

သမားများ၊ ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်း ခံသူများ၊ နိုင်ငံမဲ့များ၊ အတည်တကျမနေရသောသူများ၊ လူကုန်ကူးခံရသော ကလေးသူငယ်များ။

၁၀။ နေအိမ်အတွင်း သို့မဟုတ် ရပ်ရွာအတွင်းအကြမ်းဖက်မှုများကို ရင်ဆိုင်နေရသော သို့မဟုတ် ပတ်ဝန်းကျင်တွင် ဖြစ်ပွားသည်ကို ကြုံတွေ့နေရသော ကလေးသူငယ်များ။

၁၁။ လက်နက်များ၊ မူးယစ်ဆေးဝါးများ၊ အရက်သေစာများ အလွယ်တကူရရှိနိုင်သည့် လူမှုစီးပွားရေး နိမ့်ကျလေ့ရှိသည့် မြို့ပြပတ်ဝန်းကျင်မှ ကလေးများ။

၁၂။ အရေးပေါ်အခြေအနေတွင်းနေထိုင်နေသော ကလေးသူငယ်များ (ဥပမာ- သဘာဝဘေးဒဏ် ခံစားနေရသော၊ လူမှုနှင့်လက်နက်ကိုင်ပဋိပက္ခများမှ ကလေးသူငယ်များ) မတော်တဆ မှု မကြာခဏဖြစ်သောဒေသနှင့် အဆိပ်သင့်နေသော နေရာများမှ ကလေးသူငယ်များ။

၁၃။ မလိုလားဘဲ ရရှိလာသော၊ မွေးရက်မစေ့ခင်မွေးသော သို့မဟုတ် မွေးချင်းများသော မိသားစုများမှ ကလေးသူငယ်များ။

၁၄။ လိုအပ်သည့် စောင့်ရှောက်မှု၊ ကြီးကြပ်မှုများ၊ ကိုယ့်ကိုယ်ကိုယ်ကာကွယ်တတ်အောင် စွမ်းအား မြှင့်တင်ပေးခြင်း မရရှိဘဲ နည်းပညာပိုင်းကို အသုံးပြုနေသော ကလေးသူငယ်များ။

## ၃။ အာဆီယံနိုင်ငံများရှိ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုအခြေအနေ

### (က) အထွေထွေအခြေအနေ

ကလေးသူငယ်များအပေါ်အကြမ်းဖက်မှုနှင့်ပတ်သက်၍အာဆီယံ နိုင်ငံများသည် နိုင်ငံအဆင့်နှင့် နိုင်ငံတွင်းရှိ ဒေသများအဆင့်တွင်ပါ ထိရောက်တိုးတက်စွာ လုပ်ဆောင်မည်ဟု ပြတ်ပြတ်သားသား သန္နိဋ္ဌာန်ချထားသည်ကိုတွေ့ရသည်။ ကလေးသူငယ်များအပေါ်အကြမ်းဖက်မှုဆိုင်ရာ နိုင်ငံတော်အဆင့်ဥပဒေများပြဋ္ဌာန်း ခြင်းနှင့် မူဝါဒများကိုအကောင်အထည်ဖော်ခြင်းများကို တိုးတက်ဆောင်ရွက်လာမှုအား ကြည့်ခြင်းဖြင့် အာဆီယံနိုင်ငံများသည် ကလေးသူငယ်များအပေါ်အကြမ်းဖက်မှုကို တားဆီးရန်နှင့် တိုက်ဖျက်ရန်သန္နိဋ္ဌာန်ချထား ကြောင်းထင်ရှားစွာတွေ့နိုင်သည်။ ထိုသို့ ကနဦး လုပ် ဆောင်မှုများ ရှိသော်ငြားလည်း အကောင်အထည်ဖော်မှုနှင့်တိုး တက်မှုတို့နှင့် လိုက်လျောညီထွေမဖြစ်သေးပေ။ ဥပမာကလေးများအား အကြမ်းဖက်မှုမှကင်းဝေးခြင်း ဆိုင်ရာအခွင့်အရေးကို လေးစားကာကွယ်ပေးရန်အတွက် ကျယ်ပြန့်သောဗျူဟာအတွက် အဓိကကျသော ကလေးသူငယ်များအ ပေါ်နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုအား ဥပဒေအရ ပိတ်ပင်ရန် ဆိုသည့် အချက်မှာ ယခုတိုင် အာဆီယံနိုင်ငံတိုင်းတွင် မပေါ်ပေါက်နိုင်သေးချေ။ [၁]

---

1. See, "Legal Protection from Violence - Analysis of Domestic Laws Related to Violence against Children in ASEAN Member States" UNICEF, SRSG - VAC and Coram Children's Legal Centre, 2015

တစ်ချို့သော အာဆီယံနိုင်ငံများတွင် ထိုဥပဒေများနှင့် ပေါ်လစီများကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်အဆင့် လုပ်ငန်းအစီအစဉ် (National Plans of Action) ကို ရေးဆွဲနိုင်ခြင်းမရှိသေးပါ။ အကြမ်းဖက်ခံရသော ကလေးသူငယ်များအတွက် ဂေဟာများ၊ အရေးပေါ်သုံး တယ်လီဖုန်းလိုင်းများအပါအဝင် တုံ့ပြန်မှုယန္တယားများ၊ ဝန်ဆောင်မှုအစီအစဉ်များ၊ တစ်နေရာထဲ အကူအညီမျိုးစုံပေးနိုင်သည့်ဌာနများ၊ ရဲစခန်းများတွင် ကလေးသူငယ်များနှင့် အမျိုးသမီးများကို ကူညီပေးနိုင်သည့်ဌာနများ၊ ဆေးရုံနှင့်ကျန်းမာရေး ဆေးခန်းများမှာ အာဆီယံနိုင်ငံများတွင် အခြေအနေနှင့်အဆင့်အမျိုးမျိုးတွင် ရှိနေကြသည်။ ထိုဝန်ဆောင်မှုလုပ်ငန်းများသည် အစိုးရနှင့် ဘာသာရေးအဖွဲ့များနှင့် တစ်ခြားသူများက လက်လှမ်းမှီရှိနေသော သို့မဟုတ် ဖွင့်လှစ်ထားသော အရာများဖြစ်ကြသည်။ အာဆီယံနိုင်ငံအတော်များများတွင် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုနှင့် နောက်ဆက်တွဲ သက်ရောက်မှုများဆိုင်ရာ ဗဟုသုတများတိုးတက်လာစေရန်နှင့် ပိုမိုနား လည်စေရန်အတွက် အသိအမြင်ဖွင့်လုပ်ငန်းများကို လုပ်ဆောင် ပြီးဖြစ်သည်။

၂၀၁၂ ခုနှစ်က ယူနီဆက်က ကမကထပြုလုပ်ပြီး အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် ပြုလုပ်ခဲ့သော အကြမ်းဖက်မှုဆိုင်ရာ သုတေသနတွင် လူအများမမြင်သာသော အခြေအနေကို မီးမောင်းထိုးပြခဲ့သည်။ ယုံကြည်ရသော ထိုသုတေသနစစ်တမ်းအရ ဒေသအတွင်းရှိ ယောကျာ်းလေးများနှင့် မိန်းကလေးငယ်များ အကြား ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှာ ၁၀ % မှ ၃၀.၃ % ကြားတွင် ရှိနေသည်။ လိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှုမှာ ၁.၇% မှ ၁၁.၆% ရှိသည်။ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက် စော်ကားမှုမှာ ၃၁.၃ % မှ ၆၈.၅% ရှိ၏။ ကလေး အလုပ်သမားရာခိုင်နှုန်းမှာ ၆.၅% မှ ၅၆% ထိရှိ သည်။ ထို့ပြင် ဒေသအတွင်းရှိကလေး လေးဦးလျှင် တစ်ဦးမှာ ဆရာ၊ ဆရာမများ

နှင့် မိဘများလက်ထဲတွင် ကြမ်းတမ်းသော ဆုံးမမှုများကို ခံနေကြရသည်။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်၍ ခိုင်လုံပြည့်စုံ သော အချက်အလက်များ အားကောင်းလာစေရန် ပိုမိုကြိုးပမ်းလုပ်ဆောင်လာလျက်ရှိသော်လည်း အဖြစ်အပျက်အတော်များများကို မှတ်တမ်းတင်နိုင်ခြင်းမရှိသေးချေ။ အချက်အလက်များကွာဟမှု၊ သုံးသပ်မှုမပြည့်စုံမှု စသည့်စိန်ခေါ်မှုများရှိနေပြီး အချက်အလက် အခြေခံသော လေ့လာဆန်းစစ်မှုများ၊ အစီရင်ခံမှုနှင့် စောင့်ကြပ်မှုများလိုအပ်ကြောင်း အသိအမှတ်ပြုလာပြီးဖြစ်သော်လည်း အာဆီယံနိုင်ငံအများအပြား၏ စိတ်ဝင်စားလုပ်ဆောင်မှုများနောက်ထပ် လိုအပ်နေပါသေးသည်။ အဓိကရည်ရွယ်ချက်မှာ အချက်အလက်များကို အထောက်အထားအဖြစ် အသုံးချကာ ကလေးသူငယ်များအပေါ်အကြမ်းဖက်မှုနှင့် ၎င်း၏အကျိုးဆက်များအကြောင်းကို ပိုမိုထင်သာမြင်သာဖြစ်ရန်၊ ထိုအကြမ်းဖက်မှုဖြစ်ပွားရသောအကြောင်း တရားများနှင့် သဘောသဘာဝနှင့်ထိရောက်သော မူဝါဒနှင့်အစီအစဉ်များ ပေါ်ပေါက်လာစေရန်တို့ဖြစ်သည်။

(ခ) မကြာမီက ဖြစ်ပေါ်ခဲ့သည့် အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ

**၄။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာနိုင်ငံတကာနှင့် ဒေသဆိုင်ရာ လုပ်ဆောင်မှုများ**

(က) နိုင်ငံတကာလုပ်ဆောင်မှုများ

ကလေးသူငယ်များအား နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုအား ကာကွယ်ပေးခြင်းသည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်းတွင် အာမခံပေးထားသော အခြေခံကျသော အခွင့်အရေးတစ်ရပ် ဖြစ်ပြီး

ကုလသမဂ္ဂနှင့် လူ့အခွင့်အရေးတို့တွင်လည်း အဓိကကျသောအကြောင်း အရာဖြစ်ပါသည်။

ကုလသမဂ္ဂက လေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ က ၂၀၀၁ ခုနှစ်က ထုတ်ပြန်ခဲ့သော ကလေးသူငယ် အခွင့်အရေးများဆိုင် ရာ ကွန်ဗင်းရှင်း၏ အထွေထွေအကြံပြုချက်အမှတ် (၁၃) တွင် ကလေးသူ ငယ်များအပေါ် အကြမ်းဖက်မှုမျိုးစုံမှ ကာကွယ်ပေးရန်နှင့် ၂၀၀၆ ခုနှစ်တွင် ထုတ် ပြန်ခဲ့သော အထွေထွေ အကြံပြုချက်အမှတ် (၈) တွင် ကလေးသူငယ် များအား ရိုက်နှက်ဆုံးမခြင်းနှင့် အခြားသောရက်စက် ကြမ်းကြုတ်ပြီး ဂုဏ် သိက္ခာထိခိုက်စေသော အပြစ်ပေးမှုတို့အပါအဝင် အကြမ်းဖက်မှုပုံစံမျိုးစုံ အား တိုက်ဖျက်ရန်တို့ကို ပြဌာန်းခဲ့ပြီး ကလေးသူငယ်များအပေါ်အကြမ်းဖက် ခြင်းကို အသေးစိတ် ရှင်းပြထားခဲ့သည်။ ထိုမျှမက ဥပဒေနှင့်ရင်ဆိုင်နေ ရသော ကလေးသူငယ်အား ကာကွယ်ရန် (Riyadh Guideline)လမ်း ညွှန်ချက်များ၊ Beijing Rule ဟုခေါ်သည့် ရာဇဝတ်မှုနှင့် ပတ်သက်သည့် တရားဥပဒေဆိုင်ရာ အနိမ့်ဆုံးအဆင့်အတန်းများ၊ မကြာမီကပေါ်ပေါက် လာ ခဲ့သည့် UN Model Strategies ဟုဆိုသော ရာဇဝတ်မှုတားဆီးရေးနှင့် ရာဇဝတ်မှုဆိုင်ရာ တရား ဥပဒေများတွင်ရှိနေသော ကလေးသူငယ်များအ ပေါ် အကြမ်းဖက်ခြင်းပပျောက်ရေးအတွက် လမ်းညွှန်ပေးနိုင်သည့် တရားဥ ပဒေစနစ်ဖြစ်လာစေရန်အတွက် ကုလသမဂ္ဂမူဘောင်များနှင့် လက်တွေ့ကျ သည့် လုပ်ဆောင်မှုများစသည့် နိုင်ငံတကာ အဆင့်အတန်းများပေါ် ပေါက် လာခဲ့သည်။

ထို့ပြင် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက် ရေးသည် (Sustainable Development Goals) ၏ဗဟိုချက်ဖြစ် သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များသည် ရေရှည်တည်တံ့ပြီး လူတိုင်း

အတွက်ဖြစ်သည့် စီးပွားရေးတိုးတက်မှု၊ လူမှုဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်မှုတို့ တိုးတက်မြင့်မားလာစေရန်နှင့် လူသားအားလုံးအတွက် အထူးသဖြင့် ကမ္ဘာပေါ်ရှိ ကလေးသူငယ်များ၊ လူငယ်များနှင့် အနာဂတ်ခေါင်းဆောင်များအားလုံးအတွက် အသက်အရွယ်၊ သန်စွမ်းမှု၊ ယဉ်ကျေးမှု၊ လူမျိုး၊ တိုင်းရင်းသားဖြစ်မှု၊ ဇာတိ၊ ရွှေ့ပြောင်းသွားလာမှုပုံစံ၊ ဘာသာရေး၊ စီးပွားရေးနှင့် အခြားအဆင့် အတန်းမရွေးလက်တွဲလုပ်ဆောင်သည့် မျှတသော တန်းတူဖြစ်သော လူတိုင်းပါဝင်မှုရှိသော ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီးဖြစ် ပေါ်လာစေရန် ကတိပြု သည်ဟုဆိုထားသည်။

ငြိမ်းချမ်းမှုရှိပြီး လူတိုင်းပါဝင်မှုရှိသော လူမှုအသိုင်းအဝိုင်းများကို တည်ဆောက်ရန် မည်မျှအရေးကြီးကြောင်းကို အသိအမှတ်ပြုမိသည့် အားလျော်စွာပန်းတိုင်(၁၆)နှင့် ဦးတည်ချက် (၁၆.၂) တို့သည် “အလွဲသုံးခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ လူကုန်ကူးခြင်းနှင့် ကလေးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်းနှင့် နှိပ်စက်ခြင်း” တို့ ပပျောက်အောင် လက်တွဲလုပ်ဆောင်ရန်လိုအပ်ကြောင်း မီးမောင်းထိုးပြထားသည်။ ထိုအရာသည်ကလေးသူငယ်များအပေါ်နည်းမျိုးစုံဖြင် အကြမ်းဖက်မှုကို ပပျောက်စေရန်တစ်ကမ္ဘာလုံးက ဆုံးဖြတ်ချက်ချထားသည့် မူဘောင်ပင်ဖြစ်သည်။

(ခ) ဒေသအဆင့်လုပ်ဆောင်မှုများ

အာဆီယံနိုင်ငံများအားလုံးသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်းနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူ စာချုပ်နှစ်ခုစလုံးကို အတည်ပြုလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ အစိုးရများ၏ ကလေးသူငယ်နှင့်အမျိုးသမီးများ၏ အခွင့်အရေးအား တန်ဖိုးထားမှုကို အာဆီယံကလေးများအ

တွက် လုပ်ဆောင်မှုအစီအစဉ်များဆိုင်ရာ ဆုံးဖြတ်ချက် (Resolution on the ASEAN Plan of Action for Children - 1993)။ အာဆီယံ ကလေးသူငယ်များအတွက် လုပ်ဆောင်မည့် သန္နိဋ္ဌာန်ကြေညာချက် (Declaration on the Commitments for Children in ASEAN-2001)။ အာဆီယံ လူ့အခွင့်အရေး ကြေညာစာတမ်း (ASEAN Human Rights Declaration- 2012)။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေးကြေညာစာတမ်း (Declaration of Elimination of Violence against Women and Elimination of Violence against Children -2013) တို့တွင်တွေ့နိုင်သည်။ အာဆီယံရပ်ဝန်းအတွက် လမ်းပြမြေပုံကြေညာစာတမ်း (Cha-am, Hua Hin Declaration on the Roadmap for the ASEAN Community – 2009-2015)။ အာဆီယံ အမျိုးသမီးနှင့်ကလေးသူငယ်များ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ရေးဆိုင်ရာကြေညာစာတမ်း (Ha Noi Declaration on the Enhancement of Welfare and development ASEAN Women and Children 2010) တို့အပါအဝင် အာဆီယံပဋိညာဉ်၏ ရည်ရွယ်ချက်နှင့် မူဝါဒများတွင် ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးတို့ကို ထည့်သွင်းဖော်ပြထားသည်။

အာဆီယံနိုင်ငံများ အားလုံးသည် ကလေးသူငယ်များအား အကြမ်းဖက်မှုမှ ကာကွယ်ရန်နှင့် အကြမ်းဖက်မှုပပျောက်အောင်လုပ်ဆောင်ရန်အတွက် သင့်လျော်သည့် နိုင်ငံတကာစာချုပ်များအား အတည်ပြုလက်မှတ်ထိုးရန်နှင့် အကောင်အထည်ပေါ်လာစေရန် စဉ်းစားသင့်သည်။ ထိုစာချုပ်များတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်း၏ နောက်ဆက်တွဲစာချုပ်သုံးခု၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏

မိသားစုများ၏ အခွင့်အရေးများကို ကာကွယ်ပေးသည့်စာချုပ်၊ နိုပ်စက်ညှင်းပန်းမှုတားဆီးရေးစာချုပ်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်ဆိုင်ရာ ပြဌာန်းချက်အမှတ် (၁၃၈)၊ ကလေးသူငယ်များအား အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းကို ပပျောက်စေရန်အတွက် တားမြစ်ရေးနှင့် ချက်ချင်းအရေးယူဆောင်ရွက်ရေးဆိုင်ရာ ပြဌာန်းချက်အမှတ် (၁၈၂)၊ အိမ်အကူလုပ်သားဆိုင်ရာ ပြဌာန်းချက်အမှတ်(၁၈၉) နိုင်ငံများစွာပါဝင်နေသည့် ရာဇဝတ်မှုဆိုင်ရာသဘောတူစာချုပ်၊ ၁၉၆၁ ခုနှစ်နိုင်ငံမဲ့များလျော့ချ ရေးသဘောတူစာချုပ်တို့ကို လက်မှတ်ထိုးသင့်သည်။ ထို့ပြင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်းတွင်ခြွင်းချက်ထား လက်မှတ်ထိုးထားခြင်းများကို ပယ်ဖျက်သင့်သည်။

## ၅။ လမ်းညွှန်မှုဝါဒများ Guiding Principles

အာဆီယံဒေသဆိုင်ရာ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုရပ်တံ့ရေးအစီအစဉ်သည် ကုလသမဂ္ဂ၏ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းဆိုင်ရာ လေ့လာချက်တွင် မီးမောင်းထိုးပြထားသည့် အတိုင်း "ကလေးသူငယ်များအပေါ် မည်သည့်အကြမ်းဖက်မှုမျိုးကိုမှ လက်မခံသင့်ပါ။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုမှန်သမျှကို တားမြစ်ရမည်" ဟူသောအချက်ကို လမ်းညွှန်ထားပါသည်။ ကလေးသူငယ်များ အပေါ်အကြမ်းဖက်မှုအား တားဆီးရန်အတွက် ကလေးသူငယ်၏ ဘဝတစ်လျှောက်လုံးရှိ အခြေအနေအမျိုးမျိုး ဖြစ်သည့် ဆင်းရဲနွမ်းပါးခြင်း၊ ကွဲပြားခြင်း၊ ပဋိပက္ခ၊ ပညာသင်ခွင့်မရှိခြင်း၊ ကျားမရေးရာအမြင်နှင့်တစ်ခြားသော တန်းတူညီမျှမရှိမှုများ၊ အန္တရာယ်ရှိသော ဓလေ့ထုံးစံများ၊ ကျင့်စဉ်များနှင့် လူမှုစံသတ်မှတ်ချက်များတို့တွင် ချဉ်းကပ်မှုမျိုးစုံဖြင့် လုပ်ဆောင်သွားရမည်ဖြစ်သည်။

(က) ကလေးသူငယ်အခွင့်အရေးကို အခြေပြုပြီး ကျားမရေးရာကို အလေးထားသိမြင်သောချဉ်းကပ်မှု (A Child Rights-Based and Gender Sensitive Approach)

၁။ အာဆီယံနိုင်ငံအားလုံး၏ ရည်မှန်းချက်များအားလုံးကို ဂုဏ်သိက္ခာ၊ အသက်၊ တည်ရှိမှု၊ သာယာဝပြောမှု၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ ကာကွယ်ပေးမှု၊ ပါဝင်မှုနှင့် ကလေးသူငယ်များကို အခွင့်အရေးခံစား ထိုက်သူအဖြစ်ရှုမြင်ကာခွဲခြား ဆက်ဆံခြင်းကင်းမှုတို့ကို အလေးဂရုပြုထူထောင် ရမည် ဖြစ်သည်။

၂။ အာဆီယံနိုင်ငံအားလုံးသည် ကလေးသူငယ်များကို အခွင့်အရေး များရရှိခံစားစေနိုင်ရန်အတွက် မည်သည့်ခွဲခြားမှုမှ မရှိဘဲ အကြမ်းဖက်မှုမျိုးစုံမှ ကာကွယ်ပေးရန် လိုအပ်သည့် လုပ်ဆောင်မှုများ အားလုံးကို ထိရောက်စွာ လုပ်ဆောင်ပေးရမည်။

၃။ အာဆီယံ နိုင်ငံများအားလုံးသည် ကလေးသူငယ်များ၏ အကောင်း ဆုံးအကျိုးကို အဓိပ္ပာယ် ဖွင့်ဆိုရာနှင့် ကာကွယ်မှုပေးရာတွင် ကလေးသူငယ်များအား အကြမ်းဖက်မှုမျိုးစုံမှ ကာကွယ် ပေးရမည်ဆိုသော အချက်အပါ အဝင်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ကိုက်ညီ အောင် အဓိကဆောင်ရွက်ရမည်။

၄။ အာဆီယံ နိုင်ငံများအားလုံးသည် ကလေးသူငယ်များ အပေါ် အကြမ်းဖက်မှုအား တားဆီးရေးလုပ်ငန်းစဉ်များ အားလုံးကို လုပ်ဆောင်ရာတွင် ကျားမရေးရာတန်းတူညီမျှမှု၊ ခွဲခြား ဆက်

ဆံခြင်းမှ ကာကွယ်ပေးခြင်းနှင့် လူမှုရေးရာအတွင်း ပါဝင်စေခြင်းတို့ကို အဓိကထားဖော်ဆောင်ရမည့် အချက်များအဖြစ် မှတ်ယူရမည်။

၅။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုအား တားဆီးခြင်းနှင့် တုံ့ပြန်ခြင်းတို့အတွက် ကလေးသူငယ်များအတွက် လုပ်ဆောင်ခြင်း၊ ကလေးသူငယ်များနှင့် လုပ်ဆောင်ခြင်းတို့ကို လုပ် ဆောင်ရာတွင် အဓိကတာဝန်ရှိသောသူများဖြစ်သည် ဆိုသော ခံယူချက်ကို ပိုမိုခိုင်မာအောင် လုပ်ရမည်။

(ခ) သက်ဆိုင်သောဝန်ကြီးဌာနများမှ ပါဝင်ဆောင်ရွက်ပြီး နည်းလမ်း ပေါင်းစုံဖြင့်ချဉ်းကပ်ခြင်း (A Multi-sectoral and multi-disciplinary Approach)

၁။ အာဆီယံနိုင်ငံအားလုံးသည် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် အကြမ်းဖက်မှုကို အလေးထား ဆောင်ရွက်ရမည့် ယဉ်ကျေးမှုအားလုံးတွင် ရင်ဆိုင်ကြုံတွေ့နေရသော စိုးရိမ်စရာအချက်အဖြစ်အသိ အမှတ်ပြုရမည်။

၂။ အာဆီယံနိုင်ငံအားလုံးသည် အကြောင်းအရာပေါင်းစုံပါဝင်ပတ်သက်နေသည့် ကလေးသူငယ်များ အပေါ်အကြမ်းဖက်မှုကို ကဏ္ဍအသီးသီး၊ နည်းလမ်းအဖုံဖုံမှ ချဉ်းကပ်မှုနှင့် ဘက်ပေါင်းစုံမှ တုန့်ပြန်မှုများထူထောင်၍ လုပ်ဆောင်ရမည်။ ကာကွယ်မှုများ၊ ကနဦးလုပ်ဆောင်မှုများ။ ကလေးသူငယ်အခွင့်အရေးများကို အချိန်တိုင်း ဖြည့်ဆည်းပေးရန်လေးစားမှုများကို

စုပေါင်းလုပ်ဆောင်ကြ ရန်တိုက်တွန်းသည်။

၃။ အာဆီယံနိုင်ငံများသည် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုအားလုံးကို ကာကွယ်နိုင်ရန်နှင့် ကလေးသူငယ်များအတွက်လုံခြုံမှုရှိသော ပတ်ဝန်းကျင်ကို ထူထောင်နိုင်ရန်အတွက် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုကိုတားဆီးပြီး ကလေးသူငယ်တိုင်း၏အခွင့်အရေးကို အခြေခံသည့်ပူး ပေါင်းဆောင်ရွက်မှုနှင့် စောင့်ကြပ်သည့်မူဘောင်များ ထူထောင်ထား ရမည်ဖြစ်သည်။

၄။ အာဆီယံနိုင်ငံများသည် အစိုးရများနှင့် အရပ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် စီးပွားရေးကဏ္ဍများအနေဖြင့် RPA ကို အကောင်အထည်ဖော်လာစေရန်အတွက် သူတို့၏ ခိုင်မာသည့်ဦးဆောင်မှု နှင့်ဆုံးဖြတ်ချက်များတိုးတက်လာအောင် လုပ်ဆောင်ရမည်။

၅။ အာဆီယံနိုင်ငံများသည် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုမှ တားဆီးသည့်လုပ်ငန်းများ လုပ်ဆောင်မှုနှင့် ထွက်ပေါ်လာသော ရလာဒ်များအားတိုင်းတာရာတွင် ပါဝင်သည့်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် တာဝန်များကို ပုံမှန်သုံးသပ်ခြင်းနှင့် အကဲဖြတ်ခြင်းစနစ်တစ်ခုကို ထူထောင်သွားရမည်ဖြစ်သည်။

## (ဂ) ပါဝင်မှုရှိသောချဉ်းကပ်မှု (A Participatory Approach)

၁။ အာဆီယံနိုင်ငံများသည် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကွန်ဗင်းရှင်း၏အပိုဒ် (၁၂) ပါ ကလေးသူငယ်များ၏ပြောဆိုချက်များကို နားထောင်ပေးရမည်။ ကလေးသူငယ်များ အပေါ် သက်ရောက်မှု ရှိနိုင်သည့် အကြောင်းအရာများကို လေးစားပေး ရမည်။ ကလေးသူငယ်များသည် သူတို့၏အမြင်များကို သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုအလိုက် ထုတ်ဖော်ခွင့်ပြုရမည်ဆိုသည့် အချက် များအပေါ် အသိအမှတ်ပြုခြင်း၊ လေးစားခြင်း၊ အားပေး မြှင့်တင် ခြင်းလုပ်ဆောင်ရမည်။

၂။ အာဆီယံနိုင်ငံများသည် ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းအမျိုးမျိုး၊ ထိုအကြမ်းဖက်မှုများအား တားဆီးတုန့်ပြန်နိုင်မည့် နည်းလမ်းများအကြောင်းကို ပညာပေးခြင်း၊ သင်တန်းများပေးခြင်းဖြင့် အန္တရာယ်ပိုမို ကျရောက်နိုင်သောကလေး သူငယ်များ၊ အကြမ်းဖက်ခံရမှုကြောင့် အန္တရာယ်သက်ရောက်မှုခံရသော ကလေးသူငယ်များအပါအဝင် လူထုကို အသိပညာမြှင့်တင်ပေးရန် လုပ်ဆောင်ရမည်။

၃။ အာဆီယံနိုင်ငံများသည် ကလေးသူငယ်များအားလုံး လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့ကို အပြည့်အဝတန်းတူရရှိစေရန်။ သူတို့၏ ဂုဏ်သိက္ခာကို အသိအမှတ်ပြုစေရန်။ လုံခြုံမှုနှင့် ကိုယ့်အားကိုယ်ကိုး စိတ်ကိုတိုး တက်စေရန်။ ရပ်ရွာအတွင်း ကလေးသူငယ်များ၏ တက်ကြွစွာပါဝင်မှုကို အားပေးစေရန် လိုအပ်သည်များကို လုပ်ဆောင်ပေးရမည်။

၄။ အာဆီယံနိုင်ငံများသည် ကလေးသူငယ်များအနေဖြင့် တိုင်ကြား မှုများလုပ်ဆောင်နိုင်ရန်အတွက် မှန်ကန်သောတိုင်ကြားမှုလမ်းကြောင်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စနစ်များ၊ ယန္တရားများရှိအောင် လိုအပ်သလို လုပ်ဆောင်ပေးရမည်။

(ဃ) အချိန်မီ ကြိုးပမ်းအားထုတ်ခြင်း(Due Diligence)

အာဆီယံနိုင်ငံများသည် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်အောင် အစဉ်သဖြင့်ကြိုးပမ်း အားထုတ်ရမည်။ ဆိုလိုသည်မှာ အာဆီယံနိုင်ငံများသည် တားဆီးကာကွယ်ခြင်း၊ အပြစ်ပေးအရေးယူခြင်းနှင့် ခံစားရသူများကို ပြန်လည်ထူထောင်နိုင်အောင် လုပ်ဆောင်ခြင်းများကို လိုအပ်သလို လုပ်ဆောင်ရမည်။

**၆။ အချိန်ကာလ သတ်မှတ်ချက်**

ယခု ဒေသဆိုင်ရာ လုပ်ငန်းအစီအစဉ်သည် ၂၀၁၆ – ၂၀၂၅ ခုနှစ် ဆယ်နှစ်ကြာမြင့်မည်ဖြစ်သည်။

**၇။ မူဝါဒပိုင်းဆိုင်ရာ ထုတ်ဖော်ပြောဆိုချက်နှင့်ပန်းတိုင်**

အာဆီယံနိုင်ငံများသည် ကလေးသူငယ်များအပေါ် မည်သည့်အကြမ်းဖက်မှုမျိုးကိုမှ လုံးဝလက်မခံနိုင် ပါ၊ ယခုလုပ်ငန်းအစီအစဉ်၏ ပန်းတိုင်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ကလေးသူငယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများ ပပျောက်စေရန်ဖြစ်သည်။

**၈။ ရည်ရွယ်ချက်**

(က) အာဆီယံဒေသတွင် ကလေးသူငယ်များအား အကြမ်းဖက်မှုပပျောက်ရေးမူဝါဒများကို ချမှတ်နိုင်ပြီး ကဏ္ဍအစိတ်အပိုင်းအသီးသီးမှ ထောက်ခံအားပေးချက်များ စဉ်ဆက်မပြတ်ရရှိလာစေရန်။

(ခ) အာဆီယံနိုင်ငံများတွင် နိုင်ငံတော်အဆင့် ကလေးသူငယ်များအား အကြမ်းဖက်မှုပပျောက်ရေး ဥပဒေမူဘောင်နှင့် အဖွဲ့အစည်းဆိုင်ရာ ယန္တရားများမှတစ်ဆင့် အားပေးထောက်ခံသော ထိရောက်သည့် တားဆီးမှုနှင့် ကာကွယ်မှုဆိုင်ရာဝန်ဆောင်မှုများ ရှိလာစေရန်။

**၉။ ဒေသအဆင့်စီမံချက်များ**

ဒေသအဆင့်နှင့် နိုင်ငံတော်အဆင့်များ

အခြေအနေအကြောင်းအရာများအလိုက် အောက်ပါစီမံချက်များကို အကောင်အထည်ဖော်လုပ်ဆောင် ရန်ဆုံးဖြတ်သည်။

လုပ်ဆောင်ချက် (၁) တားဆီးခြင်း

၁။(က) နေအိမ်၊ ကျောင်း၊ ရပ်ရွာ၊ ပြုပြင်ရေးဌာန၊ စောင့်ရှောက်ရေး ဂေဟာစသည့် နေရာတိုင်းတို့တွင် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းမဖက်ဘဲ ပြုစုပျိုးထောင်၊ စောင့်ရှောက်နိုင်မည့်နည်းလမ်းများအတွက် အာဆီယံလမ်းညွှန်ချက် ပေါ်ထွက်လာစေခြင်း။ (ဒေသအဆင့်)

၁။(ခ) အာဆီယံလမ်းညွှန်ချက်ကို ဖော်ဆောင်ပြီး အာဆီယံနိုင်ငံတခုချင်းစီအတွက် သင့်လျော်သော အသုံးပြုမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လုပ်ဆောင်ခြင်း၊ မိဘများ၊ စောင့်ရှောက်သူများ၊ ရပ်ရွာများကို ၎င်းတို့၏ အရည်အသွေးများ တိုးတက်လာအောင် ကလေးသူငယ်များနှင့် အကြမ်းမဖက်သည့် ဆက်ဆံရေး၊ ကလေးသူငယ်ပြုစုပျိုးထောင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် ကလေးဖွံ့ဖြိုးတိုးတက်စေသော ပတ်ဝန်းကျင် ထူထောင်နိုင်ပုံ အကြောင်းများကို အခမဲ့လွယ်လွယ်ကူကူရရှိစေအောင် လုပ်ဆောင်ရန်။

၂။ ကလေးသူငယ်များအား အကြမ်းဖက်ခြင်းကြောင့် သူတို့အပေါ်သက်ရောက်တတ်သည့် အန္တရာယ်များ အကြောင်းကို သမရိုးကျနှင့် သမရိုးကျမဟုတ်သော ပညာရေးစနစ် (ဥပမာ - ရိုးရာနှင့် လူမှုမီဒီယာများ) မှတစ်ဆင့် လူမှုအသိုင်းအဝိုင်းအတွင်း အလွှာစုံ၏ သဘောထားအမြင်၊ အမူအကျင့်နှင့်ကျင့်သုံး လုပ်ဆောင်မှုများ ပြောင်းလာအောင် အသိအမြင်ဖွင့်ရန်။ (နိုင်ငံတော်အဆင့်)

၃။(က) ကလေးသူငယ်များအား အကြမ်းဖက်မှုများမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ပါဝင်ပတ်သက် သူများအားလုံးအတွက် အကာအကွယ်ပေးသည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်း များထူထောင်ရန်။ (နိုင်ငံတော်အဆင့်)

၃။(ခ) ကလေးသူငယ်များအရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများ၊ ဌာနများ၊ အေဂျင်စီများသည် ၎င်းတို့ဝန်ထမ်းများအနေဖြင့် ကလေးသူငယ်များကို ကျူးလွန်စော်ကားခြင်းမရှိစေရန် မူဝါဒများ လုပ်ထုံးလုပ်နည်းများချမှတ်ရန် ။(နိုင်ငံတော်)

၄။ အခြေအနေမျိုးစုံတွင် အသုံးပြုနိုင်သည့်(ဥပမာ – ဖွံ့ဖြိုးတိုးတက်မှု၊ အရေးပေါ်အခြေအနေ၊ ပဋိပက္ခ၊ အရေးပေါ်အခြေအနေ ပြင်ဆင်မှုနှင့် သဘာဝဘေးဒဏ်) ကလေးသူငယ်များကို အဓိကထားကာ ဝိုင်းဝန်းကာကွယ်တားဆီးသည့် ကျယ်ပြန့်၍ ကလေးသူငယ်များကို ဗဟိုပြုပြီး ကျားမရေးရာကို ထည့်သွင်း စဉ်းစားသည့် ကာကွယ်မှုစနစ်တစ်ခုပါ ပါဝင်သော ဗျူဟာတစ်ခုကို ဖော်ထုတ်ရန်။ (နိုင်ငံတော်အဆင့်)

၅။ ကလေးသူငယ်များအပေါ် နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုကိုဖြစ်စေ သည့် နောက်ကွယ်မှအကြောင်းရင်းများ ကိုလျော့ချနိုင်ရန်နှင့် ထုတ်ဖော်တင် ပြနိုင်မည့် ကာကွယ်တားဆီးရေးမူဝါဒများနှင့် ဝင်ရောက်ဖြေရှင်းမှုများအား ဦးစားပေးလုပ်ဆောင်ရန်၊ ကလေးသူငယ်တိုင်း အတွက် သင့်လျော်သော စောင့်ရှောက်မှုများကို မိသား စုများမှဖြစ်စေ၊ စောင့်ရှောက်ပေးသူများမှဖြစ်စေ၊ ရပ်ရွာနှင့် ဘာသာရေးအဖွဲ့အစည်းများ၊ အခြားနည်းလမ်းများမှဖြစ်စေရရှိစေအောင် သေချာစွာလုပ်ဆောင်ရန်။ (နိုင်ငံတော် အဆင့်)

၆။ ကလေးသူငယ်များ အထူးသဖြင့် အသက်(၃)နှစ်နှင့် အောက်ရှိကလေးများအပေါ် အကြမ်းဖက်မှု လျော့ချနိုင်ရေးအတွက် တစ်ခြားနည်းလမ်းဖြင့်စောင့်ရှောက်သော မိသားစုစောင့်ရှောက်မှု အစီအစဉ်များ (ဥပမာ – မွေးစားခြင်း၊ ဆွေမျိုးများစောင့်ရှောက်ခြင်းနှင့် ဥပဒေဖြင့်ထိန်းသိမ်းခြင်း) ကို အားကောင်းအောင် လုပ်ဆောင်ပြီး ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်ကို ပြောင်းလဲလာအောင် အားပေးလုပ်ဆောင်ခြင်း။ (နိုင်ငံတော်အဆင့်)

၇။ အကြမ်းဖက်မှုတားဆီးရေးနှင့် အထောက်အထားမရှိသော ကလေးသူငယ်များအတွက် မွေးစာရင်း မှတ်ပုံတင်ခြင်း၊ အချက်အလက်စုဆောင်းခြင်းတို့အတွက် ကလေးများအတွက် ခွဲဝေချထားငွေနှင့် မူဝါဒများကို ချမှတ်ပေးသည့် ဦးဆောင်မှုနှင့်အုပ်ချုပ်မှုပုံစံကို အားကောင်းအောင် လုပ်ဆောင်ရန်။ (နိုင်ငံတော်အဆင့်)

၈။ ကလေးများအားလုံးအတွက် နိုင်ငံတော်မှ မွေးစာရင်းစနစ်တစ်ခုကို ထူထောင်ရန်။ (နိုင်ငံတော်အဆင့်)

၉။ ဆိုက်ဘာ (Cyber)ပေါ်တွင် အကြမ်းဖက်မှုများ (ဥပမာ – အနိုင်ကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာအမြတ် ထုတ်ခြင်း) အား ကာကွယ်တားဆီးသည့် အစီအစဉ်များအကောင်အထည်ဖော်ပြီး ထိုအစီအစဉ်များသည် နေအိမ်များ၊ ကျောင်းများ၊ ရပ်ရွာများနှင့် စီးပွားရေးကဏ္ဍများအပါအဝင် ကဏ္ဍအားလုံးထိ တိုးချဲ့လာနိုင်အောင် လုပ်ဆောင်ရန်။(နိုင်ငံတော်အဆင့်)

လုပ်ငန်းစဉ် (၂) ကာကွယ်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်း

၁၀၊ အခြေအနေမျိုးစုံရှိ (ဥပမာ – သဘာဝဘေး၊ လူမှုရေး နိုင်ငံရေးမငြိမ်သက်မှုများ၊ လက်နက်ကိုင် ပဋိပက္ခများ) ကလေးသူငယ်များအားလုံးနှင့် သင့်လျော်ကိုက်ညီမည့် အရည်အသွေးရှိသည့် စောင့်ရှောက်မှုများ၊ ကာကွယ်ပေးမှုများ၊ ပြန်လည်ကုစားရေးများနှင့် ပေါင်းစည်းရေးစနစ်များ၊ ဝန်ဆောင်ပေးမှုများ၊ နစ်နာမှုများအား ပြန်လည်ရရှိစေရေးနှင့် လျော်ကြေးခံစားစေမှုများ ပါဝင်သည့် ကလေးသူငယ်ကာကွယ်ရေး

စနစ်များကို နိုင်ငံတကာအဆင့်နှင့်ညီသော ဒေသဆိုင်ရာ လမ်းညွှန်ချက်များပေါ်ထွန်းစေရန်။(ဒေသအဆင့်)

၁၁။ ခံစားခဲ့ရသောကလေးသူငယ်များနှင့် ၎င်းတို့၏မိဘများအတွက် တုံ့ပြန်လုပ်ဆောင်ပေးမှုနှင့် ဝန်ဆောင်မှုများပံ့ပိုးပေးရာတွင် အစိုးရနှင့် အစိုးရမဟုတ်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စေနိုင်မည့်နှစ်နိုင်ငံကြားနှင့် ဒေသအတွင်းယန္တရားများကို ထူထောင်ရန် သို့မဟုတ် အားကောင်းအောင် လုပ်ဆောင်ရန်၊ နယ်စပ်ဖြတ်ကျော်သောအမှုများဖြစ်ပါက နိုင်ငံများအကြား လွှဲပြောင်းပေးအပ်သည့် စနစ်နှင့် ပူးပေါင်းဆောင်ရွက်သည့် လူမှုဝန်ဆောင်မှုများရှိရန်။ (နိုင်ငံတော်အဆင့်)

၁၂။ ကလေးသူငယ်များအား အကြမ်းဖက်ခံရခြင်းအတွက် နစ်နာချက်ကို ကလေးသူငယ်များ သို့မဟုတ် သူတို့၏ကိုယ်စားလှယ်များက တိုင်ကြားနိုင်ပြီး ကလေးသူငယ်နှင့် ကျားမရေးရာ ဆိုင်ရာအယူအဆများကို သတိပြုထည့်သွင်းစဉ်းစားထားသော တိုင်ကြားမှုယန္တရားကို ထူထောင်ခြင်း သို့မဟုတ် ပိုမိုအားကောင်းအောင် လုပ်ဆောင်ခြင်း၊ ထိုယန္တရားကို ထိရောက်စေပြီး ကုစားပေးခြင်းများကို အချိန်မှီ ရရှိအောင်လုပ်ဆောင်ခြင်း။

၁၃။ ကြိုတင်စုံစမ်းဖော်ထုတ်ခြင်း၊ ဝင်ရောက်ဖြေရှင်းခြင်းနှင့် ပိုမိုအန္တရာယ်ကျရောက်နိုင်သော ကလေး သူငယ်များ၊ အကြမ်းဖက်မှု၏ သားကောင်အဖြစ် ခံစားနေရသော ကလေးသူငယ်များကို ကာကွယ်တုံ့ပြန်ခြင်းတို့အတွက် ရပ်ရွာအခြေပြု ကွန်ယက်များကိုထူထောင်ရန် သို့မဟုတ် အားကောင်းအောင် လုပ်ဆောင်ရန်၊ နောက်ပိုင်းတွင် ပြင်

ဆင်ခြင်း၊ အစီအစဉ်ချမှတ်ခြင်း၊ စောင့်ကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ လုပ်ဆောင်ရာတွင် အသုံးချနိုင်မည့် သက်ဆိုင်သည့်သတင်းအချက် အလက်များကို စုဆောင်းရန်။ (နိုင်ငံတော်အဆင့်)

၁၄။ နိုင်ငံတော်အဆင့် ကလေးသူငယ်များအား ကာကွယ်ပေးသည့် စနစ်၏ လုပ်ရပ်တစ်ခုအနေနှင့် အခမဲ့ ၂၄ နာရီဆက်သွယ်အကူ အညီတောင်း ၍ရသော တယ်လီဖုန်းလိုင်းများကို ထူထောင်၍ သို့မဟုတ် အား ကောင်း အောင်လုပ်ဆောင်၍ကလေးသူငယ်များအပေါ်အကြမ်းဖက်မှု တိုင်ကြားခြင်းများအား လက်ခံခြင်းနှင့် တုန့်ပြန်ခြင်းတို့လုပ်ဆောင် ရန်၊ အရေးပေါ်အကူအညီတောင်းခံနိုင်သည့် တယ်လီဖုန်းလိုင်းများ၊ အရေး ပေါ်ကယ်ဆယ်မှုများ၊ ကနဦးစိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုများ၊ အ ကြံဉာဏ်များ၊ ရရှိနိုင်သောဝန်ဆောင်မှုများဆိုင်ရာ သတင်းများ၊ ကူညီ ကုစားမှုများ ဆိုင်ရာသင့်လျော်သည့် နေရာများသို့ ညွှန်းပို့လွှဲပြောင်း ခြင်း များပြုလုပ်ရန်။ (နိုင်ငံတော်အဆင့်)

၁၅။ အကြမ်းဖက်ခံရသောကလေးသူငယ်များကို ရုပ်ပိုင်းနှင့် စိတ်လူမှုပိုင်း ပြန်လည်ကုစားပေးမှု၊ ကျောင်းများနှင့် ရပ်ရွာအတွင်းမှာ နှစ်သိမ့်ဆွေး နွေးမှု၊ အုပ်ထိန်းသူများ၊ ဥပဒေထောက်ကူသူများ ခန့်ထားမှု၊ ဂေဟာ၊ နေအိမ်များရှိမှု၊ ဘဝတွက်တာ အတတ်ပညာများတိုးတက်လာအောင် လုပ်ဆောင်ပေးမှု၊ ကလေးသူငယ်များအချင်းချင်းနှင့် မိသားစုများအ ကူအညီများပေးမှုတို့ အပါအဝင်ကာကွယ်ပေးထောက် ပံ့ပေးသော ဝန်ဆောင်မှုများ တိုးတက်လာအောင် လုပ်ဆောင်ရန်။ (နိုင်ငံတော်အ ဆင့်)

၁၆။ အကြမ်းဖက်ခံခဲ့ရသော ကလေးသူငယ်များနှင့် ၎င်းတို့၏မိသားစုများကို အခြားသောနည်းဖြင့် ရွေးချယ်နိုင်မှုများ၊ ဝန်ဆောင်မှုများ၊ လွှဲပြောင်းမှုများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပံ့ပိုးပေးပြီး သင့်လျော်သည့် လုပ်ဆောင်မှုများဖြင့် ဖန်တီးလုပ်ဆောင်ပေးရန်။ (နိုင်ငံတော်အဆင့်)

၁၇။ ဥပဒေနှင့် ငြိစွန်းသောကလေးများအတွက် အမှန်တကယ်ကုစားမှုပေးနိုင်သည့် တရားဥပဒေအရ ချဉ်းကပ်မှုနည်းလမ်းများ (ဥပမာ တရားဥပဒေဆိုင်ရာ တခြားသော လုပ်ထုံးလုပ်နည်းများနှင့် ထိန်း သိမ်းသည့်နေရာများသို့ လွှဲပြောင်းပေးခြင်း)ကို ချမှတ်ခြင်း၊ ပြန်လည်ပေါင်းစည်းရေးဗျူဟာများ လုပ်ဆောင်ခြင်း၊ ကာကွယ်ပေးခြင်းဆိုင်ရာ လုပ်ဆောင်မှုကို အားကောင်းအောင် လုပ်ဆောင်ခြင်း၊ ထိန်းသိမ်းစောင့်ကြည့်ခြင်းသည် ကာလအတိုဆုံးဖြစ်စေရန်နှင့် နောက်ဆုံးနည်းလမ်းအဖြစ်သာ ကျင့်သုံးရန်။ (နိုင်ငံတော်အဆင့်)

၁၈။ အကြမ်းဖက်သည့်အပြုအမူနှင့် ဆက်ဆံမှုကို ခံစားခဲ့ရသည့် အရွယ်ငယ်ရွယ်လုသေးသည့် ကလေးငယ်များအတွက် အထူးကာကွယ်ပေးသော လုပ်ဆောင်မှုကို ဖန်တီးပေးရန်နှင့် ကလေးများအပေါ်လွဲ မှားစွာပြုမူသည့် မိဘများနှင့် ကလေးထိန်းများကို ထိရောက်သော ပြုမူဆောင်ရွက်မှုများ လုပ်ဆောင်ရန်။ (နိုင်ငံတော်အဆင့်)

၁၉။ အာဆီယံနိုင်ငံများရှိ မသန်စွမ်းကလေးများကို အထူးကာကွယ်ပေးနိုင်ရန်အတွက် အထူးလုပ်ဆောင်မှု များကို ဖန်တီးပေးရန်။

၂၀။ အကြမ်းဖက်ခံရသည့် နိုင်ငံမဲ့ကလေးသူငယ်များ၊ ရွှေ့ပြောင်းကလေးသူငယ်များနှင့် ခိုလှုံခွင့်လျှောက်ထားသည့် ကလေးသူငယ်များ အတွက် ကာကွယ်ပေးသည့် မူဝါဒများနှင့် လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ခြင်းနှင့် အားကောင်းအောင်လုပ်ဆောင်ရန်။ (ဒေသအဆင့်)

လုပ်ဆောင်ချက် (၃)၊ တရားဥပဒေမူဘောင်၊ အပြစ်ပေးခြင်းနှင့် တရားဥပဒေစနစ်

(က) ဥပဒေပြုပြင်ပြောင်းလဲရေး

၂၁။ ICT နည်းပညာအသုံးပြုခြင်းအပါအဝင် နေရာကဏ္ဍတိုင်းတွင် ကလေးသူငယ်များအပေါ် နည်းမျိုးစုံနှင့် အကြမ်းဖက်ခြင်းကို ဥပဒေများ၊ စည်းမျဉ်းများဖြင့် တားမြစ်ရန်။ (နိုင်ငံတော်အဆင့်)

၂၂။ ကလေးသူငယ်များအား အကြမ်းဖက်မှုများမှ ကာကွယ်ရန်အတွက် နိုင်ငံတကာလူ့အခွင့်အရေးစံချိန် စံညွှန်းများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်းနှင့် ပရိုတိုကောများပါ လိုက်နာဆောင်ရွက်ရန် ဥပဒေများ ပြဌာန်းရန်။ (နိုင်ငံတော်အဆင့်)

၂၃။ ကလေးသူငယ်များအတွက် ကောင်းကျိုးပြုသည့် စည်းကမ်းများအား အကောင်အထည်ဖော် ရန်အားပေးသော ဥပဒေများနှင့် မိသားစု၊ ကျောင်းနှင့် ကလေးသူငယ်ဆိုင်ရာ တရားဥပဒေ စနစ်များအတွင်းနှင့် အခြားသော နယ်ပယ်အသီးသီးတို့တွင် ကလေးများအပေါ်အကြမ်းဖက်ခြင်းကို တားမြစ်သည့် ဥပဒေများပေါ်ပေါက်လာစေရန် အားပေးရန်။ (နိုင်ငံတော်အဆင့်)

၂၄။ ကလေးသူငယ်များ အထူးသဖြင့် လမ်းမများပေါ်တွင်အလုပ်လုပ်နေသော ကလေးများနှင့် လမ်းပေါ် ရောက်ကလေးသူငယ်များ၊ ရာဇဝတ်မှုများတွင် လူကြီးများက စေခိုင်းခံရသောကလေးသူငယ်များ၊ လိင်လုပ်ငန်းတွင် ပါဝင်နေသော ကလေးသူငယ်များနှင့် တစ်ခြားအန္တရာယ်ရှိသောလုပ်ငန်းများတွင် ရောက်ရှိနေသော ကလေးသူငယ်များအား ရာဇဝတ်သား အဖြစ်ဆက်ဆံသည့် ရာဇဝတ်မှုဆိုင်ရာမှု ခင်းများအခြေအနေအားလုံးကို ပယ်ဖျက်ရန်၊ ထိုကလေးသူငယ်များကို အကြမ်းဖက်မှုမှ ကာကွယ်ပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပံ့ပိုးပေးခြင်းနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းဆိုင်ရာ ဝန်ဆောင်ပေးခြင်းများ လုပ်ဆောင်ပေးရန်။ (နိုင်ငံတော်အဆင့်)

၂၅။ အဓမ္မလုပ်အားစေခိုင်းမှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ပြီး ကလေးအလုပ်သမားစေခိုင်းမှုကို နိုင်ငံတကာစံချိန်စံညွှန်းများ အထူးသဖြင့် ILO ဆုံးဖြတ်ချက်အမှတ် (၁၃၈) နှင့် (၁၈၂) တို့နှင့် ကိုက်ညီစေရန်၊ ဖော်ထုတ်ရန်ခက်ခဲသည့် အိမ်တွင်း ကလေးအလုပ်သမားများအတွက် အထူး အကာအကွယ်များ ပံ့ပိုးပေးရန်။ (နိုင်ငံတော်အဆင့်)

၂၆။ အလုပ်လုပ်ခွင့်ရှိသည့်အနိမ့်ဆုံးအသက်ကို ဖြစ်နိုင်ပါက (၁၈) နှစ်သို့ တိုးမြှင့်ရန်အတွက် စဉ်းစားရန်၊ ဆယ်ကျော်သက်အရွယ် မိဘများနှင့် ၎င်းတို့၏ ရင်သွေးများကို မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုများ အပါအဝင် စောင့်ရှောက်ကာကွယ်သည့် အစီအစဉ်များကို ထောက်ပံ့ပေးရန်၊ ကလေးများအတွက် အန္တရာယ်ဘေးဥပါဒ်ဖြစ်စေမည့်အရာများကို ခွင့်ပြုသည့်၊ ဖြစ်နိုင်စေလောက်သည့် ဥပဒေများကို ဖျက်သိမ်းရန် အတွက် စဉ်းစားရန်။ (နိုင်ငံတော်အဆင့်)

၂၇။ ကလေးသူငယ်များအတွက် လုံခြုံမှုနှင့် ကာကွယ်မှုများရှိစေရန်အတွက် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုနှင့် သက်ဆိုင်သည့်အပိုဒ်များပါဝင်သည့် ဆိုင်ဘာရာဇဝတ်မှုကို ထုတ်ဖော်ကိုင်တွယ်သည့် ဥပဒေများပြဋ္ဌာန်းရန် သို့မဟုတ် ပြင်ဆင်ရန်၊ ဖမ်းဆီးရမိသောကျူးလွန်သူများကို လုံလောက် သောပြစ်ဒဏ်များပေးရန်နှင့် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်ကို အားပေးရန်။ (နိုင်ငံတော်အဆင့်)

၂၈။ ကလေးသူငယ်များနှင့်ပတ်သက်သည့် တရားရေးဆိုင်ရာကဏ္ဍတွင် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကွန်ဗင်းရှင်းနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အသက် (၁၈) နှစ်မပြည့်သေးသည့် မည်သူ့ကိုမှ သေဒဏ်ပေးခြင်း၊ လွတ်ရက်မရှိ တစ်သက်တစ်ကျွန်းချမှတ်ခြင်း၊ နှိပ်စက်ခြင်း၊ လူမဆန်စွာနှင့် ဂုဏ်သိက္ခာကျဆင်းစေမည့်အပြုအမူဖြင့် ဆက်ဆံခြင်းများမခံရအောင်၊ ပြန်လည်ထူထောင်ရေး အစီအစဉ်များ ပံ့ပိုးပေးနိုင်အောင် သေချာစေရန်။ (နိုင်ငံတော်အဆင့်)

(ခ) ကလေးသူငယ်များအခွင့်အရေးကို အရေးတစ်ယူ ဆောင်ရွက်သည့် တရားစီရင်ရေးစနစ်

၂၉။ ကလေးသူငယ်များ၏ အခွင့်အရေးများကို အရပ်ဖက်တရားရုံးများ၊ ရာဇဝတ်မှုဆိုင်ရာတရားရုံးနှင့် သမရိုးကျနှင့် သမရိုးကျမဟုတ်သောတရားစီရင်မှု လုပ်ထုံးလုပ်နည်းများအားလုံးတွင် ကာကွယ်ပေးသည့် ကလေးသူငယ်များ အခွင့်အရေးကို အရေးတယူဆောင်ရွက်သည့် တရားစီရင်ရေးစနစ်များကို ထူထောင်ရန်။ (နိုင်ငံတော်အဆင့်)

၃၀။ လွှဲပြောင်းပေးခြင်းနှင့် အခြားနည်းလမ်းဖြင့်လွှဲပြောင်းဆောင်ရွက်ခြင်း ဆိုင်ရာ တရားရေးဆိုင်ရာလုပ်ထုံး လုပ်နည်းနှင့် လွှတ်လပ်ခွင့်ကို ဖယ် ရှားခြင်းဆိုင်ရာ နှောင့်နှေးမှုများကို လျှော့ချခြင်းနှင့် တရားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် လွှတ်လပ်ခွင့်ဆိုင်ရာ ဖယ်ရှားခြင်းဆိုင်ရာစွမ်း ရည်နှင့် အရည်အသွေးများအတွက် ဥပဒေများ၊ မူဝါဒများ၊ စွမ်းရည်မြှင့် တင်ခြင်းများလုပ်ဆောင်၍ ကလေးသူငယ်များအား အကြမ်းဖက်ခြင်း မှ ကာကွယ်ပေးရန်။ (နိုင်ငံတော်အဆင့်)

၃၁။ ကျူးလွန်ခံရသည့် ကလေးသူငယ်များနှင့် ရာဇဝတ်မှု၏မျက်မြင်သက် သေများပါဝင်ပတ်သက်နေသည့် တရားရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်ချက်နှင့်အညီ ကလေးသူငယ်များအရေးကို အလေးပေး ဆောင် ရွက်သည့် လုပ်ငန်းစဉ်များကို ထူထောင်ခြင်း သို့မဟုတ်နှင့် တိုး တက်အောင်လုပ်ဆောင်ရန်။ ထို့ပြင် လူထုနှင့် ထိတွေ့ဆက် ဆံမှုများ၊ ဝန်ဆောင်မှုလုပ်ငန်း အသီးသီးလုပ်ဆောင်မှုများ၊ စိတ်ပိုင်းဆိုင်ရာနစ် သိမ့်ဆွေးနွေးမှုများ၊ ကလေးသူငယ်များနှင့် ၎င်းတို့၏ မိသားစုများ အတွက် ဥပဒေအထောက် အကူများ၊ အခွင့်အရေးချိုးဖောက်မှုများ အ တွက် ကုစားမှုများ ထူထောင်ပေးရန်။ (နိုင်ငံတော်အ ဆင့်)

၃၂။ ထိန်းသိမ်းထားစဉ်၊ အကူအညီများ စီစဉ်လုပ်ဆောင်စဉ်၊ အုပ်ထိန်းသူ၊ မွေးဖွားခြင်းလုပ်ဆောင်စဉ်နှင့် အခြားသော ကလေးသူငယ်များနှင့် မိသားစုဆိုင်ရာ စောင့်ရှောက်မှုများ စသည်ဖြင့် လုပ်ဆောင်နေသော လုပ်ငန်းတိုင်းတွင် ကလေးသူငယ်များ၏အကောင်းဆုံးအကျိုးကို အဓိ က အချက် အဖြစ် ထည့်သွင်း စဉ်းစားရန်။ (နိုင်ငံတော်အဆင့်)

## (ဂ) တာဝန်ယူမှု

၃၃။ ကလေးသူငယ်များအား နစ်နာချက်အတွက် ကုစားမှုများပံ့ပိုးပေးနိုင်ရန်အတွက် လုံလောက်ပြီး ထိရောက်သော တာဝန်ခံတာဝန်ယူမှုရှိသည့် ဥပဒေပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထူထောင်ရန်၊ တိုးတက်လာစေရန်။ (နိုင်ငံတော်အဆင့်)

၃၄။ အကြမ်းဖက်ခံရသည့်ကလေးသူငယ်များ သို့မဟုတ် သူတို့၏ကိုယ်စား လှယ်များက တိုင်ကြားချက်များကို လက်ခံနိုင်ပြီး အမှုဖွင့်နိုင် သည့် လွတ်လပ်သော အမျိုးသားလူ့အခွင့်အရေးကော်မရှင် သို့မဟုတ် ၎င်းနှင့်ညီမျှသော ဌာနကို ထူထောင်ရန် သို့မဟုတ် ယင်းကိုအား ကောင်းအောင် လုပ်ဆောင်ရန်။ (နိုင်ငံတော်အဆင့်)

၃၅။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်၍ ပညာရှင်ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများက မဖြစ်မနေအစီရင်ခံတင်ပြရမည့်ပုံစံကဲ့သို့ တာဝန်ယူ တာဝန်ခံမှုဆိုင်ရာ အသေးစိတ်အပိုဒ်များကို ထည့်သွင်း ထားရန်။ (နိုင်ငံတော်အဆင့်)

၃၆။ ဥပဒေနှင့် အကောင်အထည်ဖော်မှုကို ပုံမှန်အကဲဖြတ်ခြင်းနှင့် စောင့်ကြပ်ခြင်းများ လုပ်ဆောင်ရန်။ (နိုင်ငံတော်အဆင့်)

၃၇။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ကျူးလွန်သည့်သူများအပြစ်မှ ကင်းလွတ်နေခြင်းမရှိအောင် တားမြစ်ရန်နှင့် ကလေးများကို ထပ်မံအကြမ်းဖက်ခြင်းအား ကာကွယ်နိုင်အတွက် ပြန်လည်ထူထောင်ရေးအစီအစဉ်များအား ပံ့ပိုးပေးရန်။ (နိုင်ငံတော်အဆင့်)

၃၈။ အရပ်ဖက်ဆိုင်ရာ ကုစားပေးမှုများသည် ကျူးလွန်သူများကို အပြစ်ပေးရုံသာမကဘဲ ချိုးဖောက်ခံရသူများ ပြန်လည်ကောင်းမွန်လာစေရန် အတွက် သေချာစေရန်၊ ကလေးအတွက် ပညာရေး၊ နစ်နာကြေး၊ နစ်သိမ့် ဆွေးနွေးခြင်းများကို ရရှိစေခြင်းကဲ့သို့ လုပ်ဆောင်ပေးရန်။ (နိုင်ငံတော်အဆင့်)

၃၉။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်း၏ တိုင်ကြားမှုဆိုင်ရာ နောက်ဆက်တွဲစာချုပ်ကို လက်မှတ်ထိုးဖို့ အားပေးရန်။ (နိုင်ငံတော်အဆင့်)

(ဃ) ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှု (ဥပဒေပြုခြင်းအပိုင်း)

၄၀။ ကလေးသူငယ်များအပေါ် အကြမ်းဖက်သည့် နိုင်ငံဖြတ်ကျော် ကျူးလွန်မှုများနှင့် ရာဇဝတ်မှုများဖြစ်သည့် ဥပမာ လူကုန်ကူးခြင်း၊ ကလေးသူငယ်များအား ရောင်းချခြင်း၊ ကလေးပြည့်တန်ဆာ၊ ကလေးသူငယ်များအား လက်ထပ်ရန် ရောင်းဝယ်ခြင်း၊ ကလေးညစ်ညမ်းစာပေ၊ မိဘရင်းက ပြန်ပေးဆွဲခြင်းနှင့် တစ်ခြားသောဆိုးဝါးသည့် ကလေးသူငယ်များအားကျူးလွန်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အနက် နိုင်ငံများအကြား နစ်နိုင်ငံလုံးအတွက် အဆင်ပြေ ချောမွေ့နိုင်မည့် နယ်နိမိတ် ပိုမိုသတ်မှတ်ချက်ကို ထူထောင်ရန်။ (ဒေသအဆင့်)

လုပ်ဆောင်ချက် (၄) စွမ်းရည်မြှင့်တင်ခြင်း

၄၁။ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ချိုးဖောက်ခံရသော ကလေးသူငယ်များအတွက် ကာကွယ်ပေး သည့်ဝန်ဆောင်မှုများ အကြောင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းခွင်မဝင်မီနှင့် လုပ်ငန်းခွင်အတွင်း သင်ရိုး

ညွှန်းတမ်းများ၊ သင်တန်းအစီအစဉ်များ၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများဆိုင်ရာ အာဆီယံလမ်းညွှန်ချက်ကို ဖော်ဆောင်ရန်။

၄၂။ လူထုတိုင်းအတွက် (ဥပမာ - လကျပ်တ်တော်ကိုယ်စားလှယ်များ၊ အရေးပေါ် ဖုန်းဖြင့် ကူညီပေးသူများ၊ အရေးပေါ် ကူညီပေးသူများ၊ လူသားချင်း စာနာမှုအကူအညီပေးသူများ၊ ရပ်ရွာခေါင်းဆောင်များ၊ ဘာသာရေး အဖွဲ့ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အများနှင့် ဆက်စပ်လုပ်ကိုင်နေရသော သက်ဆိုင်ရာ ဝန်ထမ်းများ၊ တရားသူကြီးများ၊ ရဲဝန်ထမ်းများ၊ မီဒီယာသမားများ၊ အရပ်ဖက် လူ့အဖွဲ့အစည်းများ) အတွက် ကလေးသူငယ်များအပေါ်အကြမ်းဖက်မှုနှင့် ပတ်သက်၍ အသိအမြင် တိုးစေရန်နှင့် ကူညီမှုများရှိလာစေရန် လှုံ့ဆော်မှုဆိုင်ရာ စာရွက်စာတမ်းများထုတ်ဝေရန်။ (နိုင်ငံတော် အဆင့်)

၄၃။ တာဝန်ရှိသူများနှင့် ကလေးသူငယ်များအကြား အနုပညာနှင့် ယဉ်ကျေးမှုကျင့်သုံးမှုများကို အသုံးပြုသည့် တီထွင်ဖန်တီးမှုရှိသည့်နည်းလမ်း များဖြင့် စွမ်းရည်မြင့်လာအောင် လုပ်ဆောင်ပေးရန်။ (နိုင်ငံတော် အဆင့်)

၄၄။ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းပပျောက်အောင် ပါဝင်လုပ်ဆောင်နေသော ဝန်ဆောင် မှုပေးနေသည့်သူများ၏ စွမ်းရည်မြင့်မားလာစေရန်အတွက် ကျောင်းများ၊ သင်တန်း ကျောင်းများနှင့် ပူးတွဲ၍ ပညာရေးဆိုင်ရာ အသိအမှတ်ပြုလုပ်ဆောင်ရန်၊ ပိုမို အားကောင်း လာစေရန်။ (နိုင်ငံတော်အဆင့်)

၄၅။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုအား မည်ကဲ့သို့တားဆီး၊ သတိပြု၊ တုန့်ပြန်မည်ဆိုသော လိုအပ်သည့် ဗဟုသုတနှင့် စွမ်းရည်များကို လေ့ကျင်သင်ကြားပေးသည့် ကလေးသူငယ်အခွင့်အရေးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုဆိုင်ရာ သင်ခန်းစာများကို ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာဝန်ထမ်းများ၊ ကလေးသူငယ် စောင့်ရှောက်ရေးဝန်ထမ်းများ၊ လူမှုရေးလုပ်သားများ၊ ဆေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တရားရေးဝန်ထမ်းများ အတွက်ပေးသော သင်တန်းများတွင် ထည့်သွင်းသင်ကြားရန်။ (နိုင်ငံတော်အဆင့်)

၄၆။ ကလေးသူငယ်များနှင့် ဆက်စပ်လုပ်ဆောင်နေသောသူများအတွက် ထိရောက်လုံလောက်သော သင်တန်းများနှင့် နည်းပညာထောက်ပံ့မှုများ ပံ့ပိုးပေးနိုင်ရန်အတွက် ဝန်ထမ်းများအား အသိပညာ တိုးတက်ရေး၊ သုတေသနနှင့် လုံလောက်သောရင်းမြစ်များ ချထားပေးခြင်းဖြင့် နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့် စွမ်းရည်မြှင့်တင်ရေးကျောင်းများအားကောင်းအောင်လုပ်ဆောင်ရန်၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းအား ပပျောက်စေရေးဆိုင်ရာ ဒေသတွင်းအတွေ့အကြုံများ၊ ကောင်းမွန်သည့် ကျင့်စဉ်များနှင့်သင်ခန်းစာများကို နိုင်ငံများအကြား မျှဝေနိုင်အောင် နိုင်ငံအချင်းချင်းလေ့လာ ရေးခရီး ဆောင်ရွက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ အချက်အလက်များအား မှတ်တမ်းတင်ခြင်းတို့ကို အားပေးလုပ်ဆောင်ပေးရန်။ (နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့်)

၄၇။ ဒေသခံရပ်ရွာများ၊ မိသားစုများနှင့် ကလေးသူငယ်များက လုပ်ဆောင်ခဲ့သည့် အားကောင်းချက်များနှင့် တုံ့ပြန်ဆောင်ရွက်ချက်များအပါအ

ဝင် လုပ်ဆောင်မှုစံနမူနာကောင်းများနှင့် ပညာပေးစာရွက် စာတမ်း များကို စုဆောင်းခြင်း၊ မျှဝေခြင်း၊ ပြုစုပျိုးထောင်ခြင်းနှင့် ဆင့်ပွားဆောင်ရွက်ခြင်းများ လုပ်ဆောင်ရန်။ (ဒေသအဆင့်နှင့် နိုင်ငံတော် အဆင့်)

၄၈။ မိဘများနှင့် ကလေးသူငယ်များကို စောင့်ရှောက်သူများအကြား ကလေးသူငယ်အခွင့်အရေးဆိုင်ရာနှင့် အကြမ်းမဖက်ဘဲ ကလေးသူငယ်ကို ဆက်ဆံသောနည်းများဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှုများ ပိုမိုအားကောင်း အောင်လုပ်ဆောင်ရန်၊ သက်ဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်မှုလုပ်ငန်း များသို့လက်လှမ်းမှီအောင် ဘယ်လိုဆက်သွယ်ဆောင်ရွက်ရမည်ကို သိရှိအောင်လုပ်ဆောင်ရန်။(နိုင်ငံတော် အဆင့်)

၄၉။ ကလေးသူငယ်များအား စွမ်းရည်မြှင့်တင်ပေးပြီး ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ပပျောက်အောင် လုပ်ဆောင်သည့်လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်လာအောင်အားပေးရန်။ (နိုင်ငံတော်အဆင့်)

၅၀။ ငြိမ်းချမ်းစွာ ပဋိပက္ခဖြေရှင်းခြင်းအပါအဝင် စွမ်းရည်မြှင့်တင်သည့် လုပ်ငန်းရပ်များအားလုံးတွင် ကလေး သူငယ်များအခွင့်အရေးကို လေးစားတတ်မှုနှင့် ကျားမရေးရာမူဝါဒဆိုင်ရာများအား စွမ်းဆောင်နိုင်အောင် တည်ဆောက်ပေးရန်၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ပပျောက်အောင်လုပ်ဆောင်ရာတွင်လည်း ကျားမ ရေးရာ ပုံစံခွက်နှင့် လူမှုစံသတ်မှတ်ချက်များကို ပြောင်းလဲအောင် လုပ်ဆောင်ရန်။ (နိုင်ငံတော် အဆင့်)

## လုပ်ဆောင်ချက် (၅) သုတေသနနှင့် အချက်အလက်စုဆောင်းခြင်း

၅၁။ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းဆိုင်ရာ အချက်အလက် စုဆောင်းခြင်း၊ သုံးသပ်ခြင်း၊ မျှဝေခြင်းနှင့်ဖြန့်ဝေခြင်းများကို နိုင်ငံတကာက သတ်မှတ်ထားသည့် ညွှန်းကိန်းများနှင့် သုတေသနဆိုင်ရာ စည်းမျဉ်းများကို အသုံးပြုပေါင်းစပ်ပြီး မူဝါဒများ၊ အစီစဉ်ရေးဆွဲမှုများ၊ ပြင်ဆင်မှုနှင့် အစီအစဉ်များ လုပ်ဆောင်ရာတွင် အသုံးပြုနိုင်မည့် နိုင်ငံတော်အဆင့်တခုကို ဖော်ဆောင်ရန်နှင့် အားကောင်းအောင်လုပ်ဆောင်ရန်။ ထို ကိန်းဂဏန်းအချက်အလက်များကို ပုံမှန်ဖြည့်သွင်းခြင်းများ သုံးသပ်ခြင်းများ လုပ်ဆောင်ရန်။ (နိုင်ငံတော်အဆင့်)

၅၂။ လှုံ့ဆော်မှု၊ ဥပဒေနှင့် မူဝါဒများထွန်းကားလာမှု ရှိနေဆဲနှင့်ဖြစ်ပေါ်လာနိုင်သော စိန်ခေါ်မှုများ၊ ဦးစားပေးလုပ်ဆောင်သင့်သောအချက်များအပါအဝင် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုအား တားဆီးရန်နှင့်ပပျောက်အောင် လုပ်ဆောင်နေသော လုပ်ဆောင်မှုများနှင့် အစီအစဉ်များကို ဒေသအတွင်း လေ့လာမှုတစ်ခုကို လုပ်ဆောင်ရန်။ (ဒေသအဆင့်)

၅၃။ ကလေးသူငယ်များအပေါ်အကြမ်းဖက်မှုပပျောက်ရေးအတွက် သုတေသနအစီအစဉ်များကို ချမှတ်ရန်။ (ဒေသအဆင့်/နိုင်ငံတော်အဆင့်)

## လုပ်ဆောင်မှု (၆)၊ စီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စောင့်ကြည့်မှုနှင့် အကဲဖြတ်မှု။

၅၄။ ကလေးသူငယ်များအပါအဝင် ပါဝင်ပတ်သက်နေသည့်သူတိုင်း လုပ်ငန်းစဉ်အဆင့်တိုင်းတွင် ပါဝင်နိုင်သော ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုမျိုးစုံ ပပျောက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်လုပ်ငန်း အစီအစဉ်ကို ဖော်ဆောင်ရန်နှင့်သို့မဟုတ် အားကောင်းအောင် လုပ်ဆောင်ရန်၊ အကောင်အထည် ဖော်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုယန္တရားရှိစေရေး သေချာစေရန်။ (နိုင်ငံတော်အဆင့်)

၅၅။ နိုင်ငံတော်အဆင့် လုပ်ငန်းအစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လုံလောက်သော နည်းပညာ၊ လူသားနှင့် ငွေကြေးရင်းမြစ်များ ထောက်ပံ့ပေးရန်။ (နိုင်ငံတော်အဆင့်)

၅၆။ ကလေးသူငယ်များအား အကြမ်းဖက်မှုမျိုးစုံ ပပျောက်ရေးဆိုင်ရာ လုပ်ငန်းအပေါ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (SDGs)၊ ကလေးသူငယ်နှင့်အမျိုးသမီးများ အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင် (ACWC) နှင့် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး SOMSWD တို့က သဘောတူထားသည့် နိုင်ငံတကာ ညွှန်းကိန်းများအရ အကဲဖြတ်နိုင်ရန်၊ စောင့်ကြပ်၊ အကဲဖြတ်နိုင်မည့် စနစ်တခုထူထောင်ရန်။ (ဒေသအဆင့်၊ နိုင်ငံတော်အဆင့်)

၅၇။ သဘာဝဘေးဒဏ်များနှင့် ပဋိပက္ခအခြေအနေများကြားရှိ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုကို တားဆီးတုန့်ပြန်နိုင်ရန်အတွက်လက်ရှိရှိနေသောလုပ်ငန်းပုံစံများထဲသို့ ပူးပေါင်း ဆောင်ရွက်မှုယန္တရားတစ်ခု ပေါင်းစပ်ထည့်သွင်းနိုင်အောင် လုပ်ဆောင်ရန်။ (နိုင်ငံတော်အဆင့်)

## လုပ်ဆောင်မှု (၇) မိတ်ဖက်အဖွဲ့များနှင့် လက်တွဲလုပ်ဆောင်ခြင်း

၅၈။ ကုလသမဂ္ဂအေဂျင်စီများနှင့် ကုလသမဂ္ဂ စနစ်အတွင်းရှိရုံးများ အထူးသဖြင့် SRSG-VAC ထံမှ ကလေးသူငယ်များအပေါ်အကြမ်း ဖက်ခြင်းပပျောက်ရေးနှင့် သက်ဆိုင်သည့် နိုင်ငံတကာလုပ်ငန်းများ၊ ထိရောက်သည့်စွမ်းရည်မြှင့်တင်ခြင်းများ၊ ဗဟုသုတ ခွဲဝေမှုများ၊ ရင်းမြစ်များ မျှဝေသုံးစွဲမှုများကို မူဝါဒအရ တုန့်ပြန်ချက်များထဲတွင် ပေါင်းစပ်ပါဝင်နိုင်အောင် ပူးပေါင်းလုပ်ဆောင်ရန်၊ နည်းပညာ အကူအညီများရယူရန်။ (ဒေသအဆင့် / နိုင်ငံတော်အဆင့်)

၅၉။ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းပပျောက်အောင် လုပ်ဆောင်သည့် နိုင်ငံတော်လုပ်ငန်း အစီအစဉ်များအား အကောင်အထည်ဖော်ရာတွင် ဒေသအတွင်းနှင့် နိုင်ငံတကာ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ သင့်လျော်သည့် နိုင်ငံတကာအေဂျင်စီများ၊ ဒေသများအကြားဆက်စပ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အာဆီယံမဟုတ်သောနိုင်ငံများမှ လက်တွဲဖော်များနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန်နှင့် အကူအညီများ တောင်းခံရန်။ (ဒေသနှင့် နိုင်ငံတော်အဆင့်)

၆၀။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နှစ်နိုင်ငံချင်းဖြစ်စေ၊ နိုင်ငံများအကြားဖြစ်စေ သဘောတူညီချက်များ၊ အွန်လိုင်းအကြမ်းဖက်မှုအပါ အဝင် ကလေးသူငယ်များအပေါ်အကြမ်းဖက်ခြင်းအား စောင့်ကြပ်တားဆီး၊ တုန့်ပြန်သည့် ပူးပေါင်းဆောင်ရွက်မှုများထားရှိ၍ နယ်စပ်ဖြတ်ကျော် လက်တွဲလုပ်ဆောင်ခြင်းကို အားကောင်းအောင် တိုးချဲ့လုပ်ဆောင်ရန်။ (ဒေသအဆင့်နှင့် နိုင်ငံတော်အဆင့်)

၆၁။ အာဆီယံနိုင်ငံများအကြား ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုဆိုင်ရာသတင်းများ၊ အတွေ့အကြုံများ၊ လုပ်ဆောင်မှုနည်းလမ်းကောင်းများ၊ လုပ်ထုံးလုပ်နည်းအလေ့အကျင့်ကောင်းများ ကျွမ်းကျင်မှု များကို မျှဝေနိုင်ရန်အတွက် အားပေးလုပ်ဆောင်ရန်။ (ဒေသ အဆင့်နှင့် နိုင်ငံတော်အဆင့်)

၆၂။ သက်ဆိုင်သည့်သူများအားလုံး အထူးသဖြင့် ကလေးသူငယ်များနှင့် လူငယ်များကို သင့်လျော်သည့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းများတွင် ပါဝင်မှုရှိအောင် သေချာစေရန်။ (ဒေသအဆင့် / နိုင်ငံတော်အဆင့်)

၆၃။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းများတွင် ကလေးသူငယ်များနှင့်လူငယ်များအား အနှစ်သာရရှိရှိ၊ တက်ကြွနိုင်စေရန်နှင့် သူတို့၏အမြင်များကို မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ အစီအစဉ်များရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲရန်၊ ကလေးများဖိုရမ်နှင့် ကွန်ယက်များကို အားပေးရန်။ (ဒေသအဆင့်နှင့် နိုင်ငံတော်အ ဆင့်)

၆၄။ အာဆီယံအမျိုးသမီးရေးရာကော်မတီ(ASEAN Committee on Women-ACW) ကို ကလေးသူငယ် များအပေါ် အကြမ်းဖက်မှုပပျောက်အောင်လုပ်ဆောင်နေသည့် အာဆီယံရှိ တစ်ခြားသော သက်ဆိုင်သည့် ကော်မတီအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် လက်တွဲလုပ်ဆောင်မှု အားကောင်းအောင် လုပ်ရန်။ (ဒေသအဆင့်)

၆၅။ ခွဲခြားဆက်ဆံမှု၊ ကလေးသူငယ်များ၏ဘဝတွင် အကြမ်းဖက်မှု ကင်းစင်ပြီး အခွင့်အရေး ချိုးဖောက်မှုများအား ကာကွယ်တုန့်ပြန်မှုအကြောင်း များ တင်ပြရာတွင် ကလေးသူငယ်များကို တက်ကြွလုံခြုံစွာပါဝင်စေ ရန်။ (ဒေသအဆင့်/ နိုင်ငံတော်အဆင့်)

၆၆၊ အာဆီယံဒေသအတွင်း ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်စေရန်အတွက် မီဒီယာများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်လက်တွဲ လူထုစည်းရုံးလှုံ့ဆော်မှုများနှင့် စတင်လုပ်ဆောင်မှုများကို တိုးမြှင့်လုပ်ဆောင်ရန်။ (ဒေသအဆင့်/ နိုင်ငံတော်အဆင့်)

လုပ်ငန်းစဉ်(၈) ဒေသအတွင်း သုံးသပ်မှုနှင့် ချိတ်ဆက်ဆောင်ရွက်မှု

၆၇။ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင်(ASEANCommission on Promotion and Protection of the Rights of Women and Children-ACWC) ၏ နိုင်ငံကိုယ်စားလှယ် သည် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာဒေသအဆင့် လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်မှု၏ တိုးတက်မှုများ၊ နိုင်ငံတော်အဆင့် လုပ်ငန်းအကောင်အထည် ဖော်မှုများနှင့် အခြားလုပ်ဆောင်မှုများကို အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင်(ASEAN Commission on Promotion and Protection of the Rights of Women and Children - ACWC)သို့ နှစ်စဉ်တင်ပြအစီရင်ခံရန်၊ ကလေးသူငယ်များအပေါ်

အကြမ်းဖက် မှုပပျောက်ရေးဆိုင်ရာ ဒေသအဆင့် လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်မှု၏ အစီရင်ခံစာများကို အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင် (ASEAN Commission on Promotion and Protection of the Rights of Women and Children –ACWC) နှင့် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုး တက်ရေးဆိုင်ရာ အရာကြီးများ(ASEAN Senior OfficialMeeting on Social Welfare and Development-SOMSWD)တို့အကြားမျှဝေရန်။

၆၈။ ကွာဟချက်များနှင့်ဖြစ်ပေါ်လာသောအကြောင်းအရာများအပေါ်အခြေ ခံ၍ ပြင်ဆင်မှုများ အားကောင်း လာစေရန်အတွက် ကလေးသူငယ် များအပေါ်အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ဒေသအဆင့် လုပ်ငန်း အစီအစဉ် အကောင်အထည်ဖော်မှု၏ လမ်းညွှန်မူဝါဒကိုအသုံးပြုကာ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင် (ASEAN Commission on Promotion and Protection of the Rights of Women and Children –ACWC) နှင့် အာဆီယံလူမှုဝန်ထမ်း နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရာကြီးများအဆင့် အစည်းအဝေး(ASEAN Senior OfficialMeeting on Social Welfare and Development-SOMSWD)တို့ ပူးပေါင်းပြီး ငါးနှစ်ပြည့်ပါက နှစ် ဝက်အစီရင်ခံစာကို လုပ်ဆောင်ရန်။ (ဒေသအဆင့်)

၆၉။ ထို တွေ့ရှိသုံးသပ်ချက်များ၏ ရလာဒ်ကို အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင် (ASEAN Commission on Prom

otion and Protection of the Rights of Women and Children –ACWC) နှင့် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အရာကြီးများအဆင့် အစည်းအဝေး (ASEAN Senior OfficialMeeting on Social Welfare and Development-SOMSWD)တို့အနေဖြင့် ပါဝင်ပတ်သက်သူများ အားလုံးနှင့် လူထုကို မီဒီယာနည်းလမ်းပေါင်းစုံကိုအသုံးပြု၍ ဆက်သွယ်အသိပေးရန်။ (ဒေသအဆင့်နှင့် နိုင်ငံတော်အဆင့်)

**၁၀။ ပထမငါးနှစ်တွင် ဦးစားပေးလုပ်ဆောင်မည့် ကဏ္ဍများ**

အောက်ပါလုပ်ငန်းများကို ပထမငါးနှစ်တွင် ဦးစားပေး လုပ်ဆောင်ရမည့် ကဏ္ဍအဖြစ် အကြံပြုထားကြသည်။ –

**လုပ်ဆောင်ချက်(၁) ကြိုတင်ကာကွယ်ခြင်း**

နေအိမ်၊ ကျောင်း၊ ရပ်ရွာ၊ ပြုပြင်ရေးဌာန၊ စောင့်ရှောက်ရေး ဂေဟာ စသည့် နေရာတိုင်းတို့တွင် ကလေးများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကြမ်းမဖက်ဘဲ ပြုစုပျိုးထောင်၊ စောင့်ရှောက်နိုင်မည့် နည်းလမ်းများအတွက် အာဆီယံလမ်းညွှန်ချက် ပေါ်ထွက်လာစေရန်။ (ဒေသအဆင့်)

*တိုင်းတာညွှန်းကိန်း –*

*အကြမ်းမဖက်သည့် ကလေးသူငယ်ပြုစုပျိုးထောင် မှုဆိုင်ရာ အာဆီယံလမ်းညွှန် တစ်ခု ပေါ်ပေါက်လာခြင်း။*

ကလေးသူငယ်များအား အကြမ်းဖက်ခြင်းကြောင့် သူတို့အပေါ် သက်ရောက်တတ်သည့် အန္တရာယ်များ အကြောင်းကို သမားရိုးကျနှင့် သမာရိုးကျမဟုတ်သော ပညာရေးစနစ် (ဥပမာ– ရိုးရာနှင့် လူမှုမီဒီယာများ) ကတစ်ဆင့် လူမှုအသိုင်းအဝိုင်းများရှိ အစိတ်အပိုင်းအားလုံး၏ သဘောထားအမြင်၊ အမူအကျင့်နှင့် ကျင့်သုံးလုပ်ဆောင်မှုများ ပြောင်းလာအောင် အသိအမြင်ဖွင့်ရန်။ (နိုင်ငံတော်အဆင့်)

*တိုင်းတာညွှန်းကိန်း –*

*ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပုံစံအားလုံး တိုက်ဖျက်ရေးအသိပညာပေး လှုံ့ဆော်မှုတွင် ပါဝင်လုပ်ဆောင်လာသော အာဆီယံအဖွဲ့ဝင်နိုင်ငံများ အရေအတွက်။*

ကလေးသူငယ်များ အထူးသဖြင့် အသက်(၃) နှစ်နှင့် အောက်ရှိ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုလျော့ချနိုင်ရေးအတွက် တစ်ခြားနည်းလမ်းဖြင့်စောင့်ရှောက်သော မိသားစုစောင့်ရှောက်မှု အစီအစဉ်များ (ဥပမာ– မွေးစားခြင်း၊ ဆွေမျိုးများ စောင့်ရှောက်ခြင်းနှင့် ဥပဒေဖြင့် ထိန်းသိမ်းခြင်း)ကို အားကောင်းအောင် လုပ်ဆောင်ပြီးသင်တန်းကျောင်းဂေဟာများတွင် စောင့်ရှောက်နေရမှုလျော့ချရေး အားပေးလုပ်ဆောင်ရန်။ (နိုင်ငံတော် အဆင့်)

*တိုင်းတာညွှန်းကိန်း –*

*အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်းအား လုပ်ဆောင်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ များအရေအတွက်များ*

ဆိုက်ဘာ (Cyber) ပေါ်တွင် အကြမ်းဖက်မှုများ (ဥပမာ – အနိုင်ကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း)အား ကာကွယ်တားဆီးသည့် အစီအစဉ်များ အကောင်အထည်ဖော်ပြီး ထိုအစီအစဉ်များသည် နေအိမ်များ၊ ကျောင်းများ၊ ရပ်ရွာများနှင့် စီးပွားရေးကဏ္ဍများအပါအဝင် ကဏ္ဍအားလုံးထိ တိုးချဲ့လာ နိုင်အောင် လုပ်ဆောင်ရန်။ (နိုင်ငံတော်အဆင့်)

*တိုင်းတာညွှန်းကိန်း – ဆိုက်ဘာပေါ်တွင် အကြမ်းဖက်မှုကို ကာကွယ်တားဆီးသည့် အစီအစဉ်များ လုပ်ဆောင်လာသည့် အာဆီယံနိုင်ငံများ အရေအတွက်။*

**လုပ်ဆောင်ရန် (၂) ကာကွယ်ခြင်း၊ တုန့်ပြန်ခြင်းနှင့် ကူညီထောက်ပံ့ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ**

ကလေးသူငယ်များအပေါ် အကြမ်းဖက်ခံရခြင်းအတွက် နစ်နာချက်ကို ကလေးသူငယ်များ သို့မဟုတ် နှင့် သူတို့၏ကိုယ်စားလှယ်များ က တိုင်ကြားနိုင်ပြီး ကလေးနှင့် ကျားမရေးရာဆိုင်ရာ အယူအဆများကို သတိပြု ထည့်သွင်းစဉ်းစားထားသော တိုင်ကြားမှုယန္တရားကို ထူထောင်ခြင်း သို့မဟုတ် ပိုမိုအားကောင်းအောင် လုပ်ဆောင်ရန်၊ ထိုယန္တရားကို ထိရောက်ပြီး ကုစားပေးခြင်းများကို အချိန်မီရရှိအောင် လုပ်ဆောင်ရန်။

*တိုင်းတာညွှန်းကိန်း –*

*ထိုဝန်ဆောင်မှုများပေးသော အာဆီယံနိုင်ငံများ အရေအတွက်နှင့် ရရှိနိုင်သော ဝန်ဆောင်မှုအမျိုးအစားနှင့် ကဏ္ဍအလိုက် အရေအတွက်*

အကြမ်းဖက်ခံရသော ကလေးသူငယ်များကို ရုပ်ပိုင်းနှင့်လူမှု စိတ်ပိုင်း ပြန်လည်ကုစားပေးမှု၊ ကျောင်းများနှင့် ရပ်ရွာအတွင်းမှာ နှစ်သိမ့် ဆွေးနွေးမှု၊ အုပ်ထိန်းသူများ၊ ဥပဒေထောက်ကူသူများ ခန့်ထားမှု၊ ဂေဟာ၊ နေအိမ်များရှိမှု၊ ဘဝတွက်တာ အတတ်ပညာများတိုးတက်လာအောင် လုပ်ဆောင်ပေးမှု၊ ကလေးအချင်းချင်းနှင့် မိသားစုများ အကူအညီများပေး မှုတို့အပါအဝင် ကာကွယ်ထောက်ပံ့ပေးသော ဝန်ဆောင်မှုများတိုးတက် လာ အောင်လုပ်ဆောင်ရန်။ (နိုင်ငံတော်အဆင့်)

*တိုင်းတာညွှန်းကိန်း –*

*ကာကွယ်မှုများပေးသော အာဆီယံနိုင်ငံများအတွက်နှင့် ရရှိနိုင် သော ဝန်ဆောင်မှုအမျိုး အစားနှင့် ကဏ္ဍအလိုက် အရေအတွက်*

**လုပ်ဆောင်ရန် (၃) ဥပဒေ မူဘောင်၊ အပြစ်ပေးအရေးယူခြင်းနှင့် တရားရေးစနစ်**

ကလေးသူငယ်များအား အကြမ်းဖက်မှု ကာကွယ်ပေးခြင်းဆိုင်ရာ ဥပဒေများသည် အထူးသဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကွန် ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်များအပါအဝင် နိုင်ငံတကာ လူ့အခွင့်အ ရေးစံချိန်စံညွှန်းများနှင့် အပြည့်အဝ ကိုက်ညီမှုရှိမရှိကို ပြန်လည်သုံးသပ် ခြင်း။ (နိုင်ငံတော်အဆင့်)

*တိုင်းတာညွှန်းကိန်း –*

*ကလေးများအပေါ် အကြမ်းဖက်မှု တားဆီးရေးဥပဒေများနှင့် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများကို ပြန်လည်သုံးသပ် သည့်အာဆီယံနိုင်ငံများအရေအတွက်။*

အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ တရားရေးဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် လွှတ်လပ်ခွင့်ကို ဖယ်ရှားခြင်းဆိုင်ရာနှောင့်နှေးမှုများကို လျော့ချခြင်းနှင့် တရားရေးဆိုင်ရာလုပ်ထုံး လုပ်နည်းနှင့် လွတ်လပ်ခွင့်ဆိုင်ရာ ဖယ်ရှားခြင်းဆိုင်ရာ စွမ်းရည်နှင့် အရည်အသွေးများ အတွက် ဥပဒေများ၊ မူဝါဒများ၊ စွမ်းရည်မြှင့်တင်ခြင်းများလုပ်ဆောင်၍ ကလေးသူငယ်များအား အကြမ်းဖက်ခြင်းမှ ကာကွယ်ပေးရန်။ (နိုင်ငံတော်အဆင့်)

*တိုင်းတာညွှန်းကိန်း –*

> *တရားရေးဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် ထိန်းသိမ်းခြင်းတို့နှင့်ပတ်သက်၍ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းဆိုင်ရာနည်းလမ်းများဖြင့် လုပ်ဆောင်နေသောအာဆီယံနိုင်ငံများ အရေအတွက်*

**လုပ်ဆောင်ရန် (၄) စွမ်းရည်မြှင့်တင်ခြင်း**

ဦးတည်လူထုမျိုးစုံအတွက် အသိအမြင်တိုးပွားလာစေရန်နှင့် အားပေးထောက်ခံလာစေရန်အတွက် စည်းရုံးလှုံ့ဆော်မှု စာရွက်စာတမ်းများ ထုတ်လုပ်ရန်။

(ဥပမာ – လွှတ်တော်ကိုယ်စားလှယ်များ၊ အကူအညီပေးရေး တယ်လီဖုံးဝန်ထမ်းများ။ အရေးပေါ်ကူညီပေးသူများ၊ လူသားချင်းစာနာမှုအတွက် လုပ်ဆောင်နေသူများ၊ ရပ်ရွာလူထုခေါင်းဆောင်များ၊ ဘာသာရေး အခြေခံအဖွဲ့ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ အစိုးရဝန်ထမ်းများ၊ တရားသူကြီးများ။ ဥပဒေ စိုးမိုးရေးဝန်ထမ်းများ၊ သတင်းသမားများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ) (နိုင်ငံတော်အဆင့်)

*တိုင်းတာညွှန်းကိန်း –*

*ထုတ်လုပ်သည့် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ စာရွက်စာ တမ်းများအရေအတွက်*

**လုပ်ဆောင်ရန် (၅) သုတေသနနှင့် အချက်အလက် ကောက်ယူခြင်း**

နိုင်ငံတကာ တိုင်းတာညကျပ်န်းကိန်းများကို အသုံးပြု၍ ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းဆိုင်ရာ အချက်အလက်များ၊ ဖြန့်ဝေခြင်း၊ သုတေသနနှင့် အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များပါဝင်သည့် သုတေသနစည်းမျဉ်းစည်းကမ်းများ စုဆောင်းစာရင်းသွင်းခြင်း၊ သုံးသပ်ခြင်း၊ မျှဝေခြင်းနှင့် ဖြန့်ဝေခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် နိုင်ငံတော်အဆင့် စနစ် တစ်ခုကို ထူထောင်ပြီး အားကောင်းအောင် လုပ်ဆောင်ခြင်း ထိုစနစ်ကို မူဝါဒများ၊ စီမံချက်များ၊ အစီအစဉ်များအတွက် အသုံးပြုနိုင်လာရန်၊ ထိုအချက်အလက်များကို ပုံမှန်ထပ်မံအားဖြည့်ခြင်းနှင့် သုံးသပ်ခြင်း။ (နိုင်ငံတော်အဆင့်)

*တိုင်းတာညွှန်းကိန်း –*

*ကလေးသူငယ်များအား အကြမ်းဖက်မှုနှင့်ပတ်သက်၍ အချက်အလက်များ ကို ခွဲဝေ သုံးစွဲသော နိုင်ငံအရေအတွက်*

**လုပ်ဆောင်ချက် (၆)၊ စီမံဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စောင့်ကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း**

ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်းမျိုးစုံပပျောက်စေရန်

အတွက် ကလေးသူငယ်များ အပါ အဝင်သက်ဆိုင်သူများအားလုံးလုပ်ငန်းစဉ်၏အဆင့်တိုင်းတွင် ပါဝင်မှုရှိစေသော နိုင်ငံတော်အဆင့် စီမံချက်တစ်ခုကို ဖော်ဆောင်ရန် သို့မဟုတ် အားကောင်းအောင် လုပ်ဆောင်ရန်၊ ထို့ပြင် အကောင်အထည်ဖော်ရာတွင် ပူးပေါင်းလုပ်ဆောင်မှုရှိအောင် သေချာစေခြင်း။ (နိုင်ငံတော်အဆင့်)

*တိုင်းတာညွှန်းကိန်း –*

*ကလေးသူငယ်များအပါအဝင် သက်ဆိုင်သူများ အားလုံးလုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင်ပါဝင်မှုရှိစေပြီး အကောင်အထည်ဖော်ရာတွင် ပူးပေါင်းလုပ်ဆောင်မှုရှိသည့် ကလေးသူငယ်များ အပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းစီမံချက်များ ပေါ်ပေါက်လာသော အာဆီယံနိုင်ငံအရေအတွက်*

သဘာဝဘေးဒဏ်များနှင့် လက်နက်ကိုင် ပဋိပက္ခများအကြား ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ကိုတားဆီးရန်နှင့် တုန့်ပြန်နိုင် ရန်အတွက် ပူးပေါင်းလုပ်ဆောင်မှု ယန္တရားသစ်ကို ထူထောင်ခြင်း သို့မဟုတ် လက်ရှိရှိထားသော ယန္တရားစနစ်နှင့် ဆက်စပ်ပူးပေါင်းစေခြင်း။ (နိုင်ငံတော်အဆင့်)

*တိုင်းတာညွှန်းကိန်း –*

*သဘာဝဘေးဒဏ်များ၊ လက်နက်ကိုင် ပဋိပက္ခများအကြား ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုကို တားဆီး၊ တုန့်ပြန်နိုင်ပြီး ပူးပေါင်းလုပ်ဆောင်မှုရှိသော နိုင်ငံတော်အဆင့်နှင့် ရပ်ရွာအဆင့် ယန္တရားများရှိသည့် အာဆီယံနိုင်ငံများအရေအတွက်*

**လုပ်ဆောင်ချက် (၇) မိတ်ဖက်များ တည်ဆောက်ခြင်းနှင့် လက်တွဲပူးပေါင်းမှု**

သက်ဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်းများနှင့် မိမိတို့နိုင်ငံတွင်းရှိ မူဝါဒအရ လုပ်ဆောင်မှုများ ဆက်စပ်ကိုက်ညီမှု ရှိမရှိလေ့လာခြင်း၊ ကလေးသူငယ်များအား အကြမ်းဖက်ခြင်း (VAC) နှင့်ပတ်သက်သည့် ထိရောက်သော စွမ်းရည်မြှင့်တင်ခြင်းများနှင့် ဗဟုသုတမျှဝေခြင်းနှင့် ရင်းမြစ်များခွဲဝေခြင်းတို့အတွက် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂစနစ်အတွင်းရှိ ရုံးဌာနများ အထူးသဖြင့် အထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် SRSG-VAC တို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် နည်းပညာ အကူအညီတောင်းခံခြင်း (ဒေသနှင့် နိုင်ငံတော်အဆင့်)

*တိုင်းတာညွှန်းကိန်း –*

*ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂစနစ်အတွင်းရှိ အခြားသက်ဆိုင်ရာ ရုံးဌာနများ၊ ကလေးသူငယ်များအရေး လုပ်ဆောင်နေသော အခြားအဖွဲ့အစည်းများ ထံကရရှိသော နည်းပညာအကူအညီများအရေအတွက်*